ခရစ်သက္ကရာဇ် ၂၀၂၅ခုနှစ် ၂၀၂၅ခုနှစ် ဧပြီလမှ ၂၀၂၆ခုနှစ် မတ်လအထိ (၂၀၂၅ခုနှစ်အတွက် ၂၀၂၅ခုနှစ် ဧပြီလမှ ၂၀၂၆ခုနှစ် မတ်လအထိ)

**မြောက်ပိုင်းဒေသ** (北部)

# မှိုက်သိမ်းသည့်နေ့ပြ ပြက္ခဒိန်နှင့် အမှိုက်ခွဲခြားခြင်းပြဇယား

## အမှိုက်သိမ်းသည့်နေ့ ပိတ်ရက်များ

အမှိုက်သန့်စင်ရေးစင်တာထံ သယ်ဆောင်လာခြင်းလည်း လက်မခံပါ။

- တနင်္ဂနွေနေ့
- မေလ၃ရက်နေ့(စနေနေ့) မှ ၆ရက်နေ့(အင်္ဂါနေ့) အထိ
- စက်တင်ဘာလ၂၃ရက်နေ့(အင်္ဂါနေ့)
- နိုဝင်ဘာလ ၃ရက်နေ့ (တနင်္လာနေ့)
- နှစ်ကုန်နှစ်သစ်ကူးပိတ်ရက်

ဒီဇင်ဘာလ၃၁ရက်နေ့(ဗုဒ္ဓဟူးနေ့) မှ ဇန်နဝါရီလ၄ရက်နေ့(တနင်္ဂနွေနေ့)အထိ

**အမှိုက်စုဆောင်းမှုပြီးသည့်အချိန် သို့မဟုတ် အမှိုက်စုဆောင်းမှုပိတ်သည့်နေ့များတွင် အမှိုက်မစွန့်ပစ်ပါနှင့်။အမှိုက်များကို ကျီးကန်းများနှင့် ကြောင်များက ဖျက်ဆီးကြမည်။ နှစ်ကုန်ပိုင်းနှင့် နှစ်သစ်ကူး အားလပ်ရက်များတွင် အထူးသတိထားပါ။**

■ဒါ့စုတွန်ခွန်



**မီးလောင်ကျွမ်းနိုင်သော အမှိုက်များ၊ မီးမလောင်နိုင်သော အမှိုက်များနှင့် ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများကို သက်ဆိုင်ရာ အမှိုက်စုဆောင်းသည့်ရက်များတွင် ယေဘူယျအားဖြင့် မနက်၈နာရီနောက်ဆုံးထားပြီး သတ်မှတ်ထားသောအမှိုက်ပစ်သည့်နေရာတွင် ထားပေးပါ။**

## ကျေးဇူးပြု၍မှတ်သားထားပါ!

နှစ်ကုန်ပိုင်းတွင် မီးလောင်ကျွမ်းနိုင်သော အမှိုက်စုဆောင်းသည့်ရက်များ ပြောင်းလဲနိုင်ပါသည်။

| | |
|---|---|
| တနင်္လာနေ့၊ ကြာသပတေးနေ့ အမှိုက်စုဆောင်းမှုဒေသ | ဒီဇင်ဘာလ၂၉ရက်နေ့ (တနင်္လာနေ့)တွင် အမှိုက်စုဆောင်းမည်မဟုတ်ပါ။ → ၂၈ရက်နေ့ (တနင်္ဂနွေနေ့)တွင် အမှိုက်စုဆောင်းမည်။ |
| အင်္ဂါနေ့၊သောကြာနေ့ အမှိုက်စုဆောင်းမှုဒေသ | ဒီဇင်ဘာလ၃၀ရက်နေ့ (အင်္ဂါနေ့)တွင် အမှိုက်စုဆောင်းမည်မဟုတ်ပါ။ → ၂၉ရက်နေ့ (တနင်္လာနေ့)တွင် အမှိုက်စုဆောင်းမည်။ |
| ဗုဒ္ဓဟူးနေ့၊စနေနေ့ အမှိုက်စုဆောင်းမှုဒေသ | ဒီဇင်ဘာလ၃၁ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် အမှိုက်စုဆောင်းမည်။ → ၃၀ရက်နေ့ (အင်္ဂါနေ့)တွင် အမှိုက်စုဆောင်းမည်။ |

နှစ်ကုန်တွင် မီးလောင်ကျွမ်းနိုင်သော အမှိုက်စုဆောင်းသည့်ရက်စွဲကို အထက်တွင်ပြထားသည့်အတိုင်း တစ်ရက်ရှေ့သို့ ရွှေ့သွားမည်ဖြစ်သည်။*နှစ်ကုန်တွင် ပုံမှန်စုဆောင်းသည့်နေ့တွင် အမှိုက်များထားရှိထားသော်လည်း စုဆောင်းမည်မဟုတ်ကြောင်း ကျေးဇူးပြု၍ သတိပြုပါ။

### အမှိုက်သိမ်းစနစ်၊ အမှိုက်သိမ်းခြင်းနှင့်အမှိုက်အမျိုးအစားခွဲခြားခြင်းနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းရန်

- စဆဲပိုးမြို့အမှိုက်လျှော့ချရေးနှင့် မြှင့်တင်ရေးဌာနခ ..................... ၀၉၅၆-၃၂-၂၄၂၈
- ဥခုပတ်ဝန်းကျင်ထိန်းသိမ်းရေးစင်တာ ..................... ၀၉၅၉-၅၇-၃၁၂၅

ဆက်သွယ်မေးမြန်းနိုင်သည့်အချိန် တန်လာနေ့ ~ သောကြာနေ့ (အစိုးရရုံးပိတ်ရက်မှလွဲ၍) မနက် ၈:၃၀ ~ ညနေ ၅:၁၅

### အမှိုက်သန့်စင်ရေးစင်တာသို့ အမှိုက်သယ်ဆောင်လာခြင်းနှင်းပတ်သက်၍ ဆက်သွယ်မေးမြန်းရန်

မိမိနေထိုင်ရာနေရာ၏ အနီးအနားတွင်ရှိသော အမှိုက်သန့်စင်ရေးစင်တာများအား ဆက်သွယ်မေးမြန်းပါ။

- အရှေ့ပိုင်းဒေသအမှိုက်သန့်စင်ရေးစင်တာ (ဒိုင်တိုမြို့နယ်) ....... ၀၉၅၆-၃၁-၃၈၁၅
- အနောက်ပိုင်းဒေသအမှိုက်သန့်စင်ရေးစင်တာ (ရှီမိုမိုတိုယာမမြို့နယ်) ..... ၀၉၅၆-၄၇-၅၂၉၂
- ဥခုစတော့ခြံဝန်း (ဥခုမြို့နယ်) ................................ ၀၉၅၉-၅၇-၃၂၃၈

ဆက်သွယ်မေးမြန်းနိုင်သည့်အချိန် တနင်္လာနေ့ ~ စနေနေ့ မနက် ၈:၃၀ ~ ညနေ ၅:၀၀※ဥခုမြို့နယ် နေ့လည်၁၂:၀၀-၁:၀၀ မှလွဲ၍

※ ညာဘက်တွင်ရှိသော [အမှိုက်သိမ်းသည့်နေ့ ပိတ်ရက်များ] သည် အမှိုက်သန့်စင်ရေးစင်တာများလည်း ပိတ်ရက်ဖြစ်ပါသည်။

### ကြီးမားသောအမှိုက်များသိမ်းခြင်း၊ လက်ခံခြင်းနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းရန်

- ကြီးမားသောအမှိုက်များလက်ခံခြင်းစင်တာ ..................... ၀၉၅၆-၄၆-၅၃၀၀
- ဥခုစတော့ခြံဝန်း ..................... ၀၉၅၉-၅၇-၃၂၃၈

ဆက်သွယ်မေးမြန်းနိုင်သည့်အချိန် တနင်္လာနေ့ ~ စနေနေ့(အစိုးရရုံးပိတ်ရက်မှလွဲ၍) မနက် ၈:၃၀ ~ ညနေ ၅:၀၀ ※ဥခုမြို့နယ် နေ့လည်၁၂:၀၀-၁:၀၀ မှလွဲ၍

**ပတ်ဝန်းကျင်အိမ်ထောင်စုစာရင်းစာအုပ်တွင် ကမ္ဘာမြေကြီးနှင့် သင်၏ပိုက်ဆံအိတ်ကို ကြင်နာပြီး**

သဟဇာတဖြစ်သော နေထိုင်မှုဘဝဖြင့်နေထိုင်ပါ။ စွမ်းအင်ကိုအသုံးပြုခြင်းသည် ကာဗွန်ဒိုင်အောက်ဆိုဒ်အစရှိသော ဖန်လုံအိမ်ဓာတ်ငွေ့များကို ထုတ်ပေးသည်ပြီး အဆိုပါအရာများက ကမ္ဘာကြီးပူနွေးလာခြင်း၏ အကြောင်းအရင်းများဖြစ်သည်ဟု ပြောကြပါသည်။ နေ့စဉ်နေထိုင်မှုဘဝတွင် အသုံးပြုသော လျှပ်စစ်မီး၊ ဂက်စ်(Gas)၊ ရေစသည်တို့၏အဖိုးအခများကို မှတ်တမ်းတင်ထားသော (ပတ်ဝန်းကျင်အိမ်ထောင်စုစာရင်းစာအုပ်)မှတဆင့် အိမ်တစ်အိမ်ချင်းစီမှ ထွက်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကိုတွက်ကြည့်ကြပါစို့။

စဆဲပိုးမြို့ပတ်ဝန်းကျင်အိမ်ထောင်စုစာရင်းစာအုပ် | ရှာဖွေခြင်း

# အိမ်မှထွက်သော မီးရှို့ရသောအမှိုက်နှင့် မီးရှို့မရသောအမှိုက်များ၏ ပစ်ပုံပစ်နည်း

## မီးရှို့ရသောအမှိုက်၊ မီးရှို့မရသောအမှိုက်နှင့်ပတ်သတ်၍



### ၁ အမှိုက်အိတ်ဝယ်ရန်ပေးသောလက်မှတ်ကို အသုံးပြုပြီး စဆဲဗိုးမြို့၏သတ်မှတ်ထားသော အိမ်သုံးအမှိုက်အိတ်များကိုဝယ်ပါ။

**သတ်မှတ်ထားသောအမှိုက်အိတ်များ၏ အိတ်အရေအတွက်ပမာဏနှင့် ဈေးနှုန်း**

- သတ်မှတ်ထားသော အမှိုက်အိတ်၁ထုတ် (အရွယ်အစားသတ်မှတ်ချက်မရှိပါ) အတွက် အမှိုက်အိတ်ဝယ်ရန်ပေးသော လက်မှတ်၁စောင်ကို အသုံးပြုနိုင်ပါသည်။

※ အမှိုက်အိတ်ဝယ်ရန်ပေးသောလက်မှတ်များကို ပေးဝေသည့်ကာလမှာ နှစ်စဉ် ၁၁လပိုင်းနောက်ဆုံး၁ဝရက်အပတ်မှ ၁၂လပိုင်းနောက်ဆုံး၁ဝရက်အပတ်ထိဖြစ်ပြီး၊ ပေးဝေသော လက်မှတ်အရေအတွက်မှာ ၁ဦးလျှင် ၁နှစ်စာအတွက် ၅စောင်ဖြစ်ပါသည်။ (စဆဲဗိုးမြို့တွင် အိမ်ထောင်စုစာရင်းသွင်းထားသောသူများအတွက်သာဖြစ်ပါသည်)

- အမှိုက်အိတ်ဝယ်ရန်ပေးသောလက်မှတ် မရှိသောအခြေအနေတွင်မူ အိတ်ဖိုးအပြင် ယန်း၈၄၀(အမှိုက်ပစ်သည့်အခကြေးငွေ) ကျသင့်ပါမည်။

**အိတ်အကြီး**




၈၀၀ မီလီမီတာ

၆၅၀ မီလီမီတာ

သတ်မှတ်ထားသောအမှိုက်အိတ် (အကြီး) ၄၅လီတာ

| အမှိုက်အိတ်ဝယ်ရန်လက်မှတ်ရှိသူ (အမှိုက်အိတ်တန်ဖိုးအပါအဝင်) | အမှိုက်အိတ်ဝယ်ရန်လက်မှတ်မရှိသူ (အမှိုက်အိတ်တန်ဖိုးနှင့် အမှိုက်ပစ်ကြေးအပါအဝင်) |
|---|---|
| ယန်း၄၀ | ယန်း၈၈၀ |

အမှိုက်အိတ်၁ထုပ်လျှင် ၄အိတ်ပါဝင်သည်။

**အိတ်အလတ်**




၇၀၀ မီလီမီတာ

၅၀၀ မီလီမီတာ

သတ်မှတ်ထားသောအမှိုက်အိတ် (အလတ်) ၃၀လီတာ

| အမှိုက်အိတ်ဝယ်ရန်လက်မှတ်ရှိသူ (အမှိုက်အိတ်တန်ဖိုးအပါအဝင်) | အမှိုက်အိတ်ဝယ်ရန်လက်မှတ်မရှိသူ (အမှိုက်အိတ်တန်ဖိုးနှင့် အမှိုက်ပစ်ကြေးအပါအဝင်) |
|---|---|
| ယန်း၄၈ | ယန်း၈၈၈ |

အမှိုက်အိတ်၁ထုပ်လျှင် ၆အိတ်ပါဝင်သည်။

**အိတ်အသေး**




၆၀၀ မီလီမီတာ

၄၀၀ မီလီမီတာ

သတ်မှတ်ထားသောအမှိုက်အိတ် (အသေး) ၁၅လီတာ

| အမှိုက်အိတ်ဝယ်ရန်လက်မှတ်ရှိသူ (အမှိုက်အိတ်တန်ဖိုးအပါအဝင်) | အမှိုက်အိတ်ဝယ်ရန်လက်မှတ်မရှိသူ (အမှိုက်အိတ်တန်ဖိုးနှင့် အမှိုက်ပစ်ကြေးအပါအဝင်) |
|---|---|
| ယန်း၇၂ | ယန်း၉၁၂ |

အမှိုက်အိတ်၁ထုပ်လျှင် ၁၂အိတ်ပါဝင်သည်။

**မီနီအိတ်**




၅၀၀ မီလီမီတာ

၃၆၀ မီလီမီတာ

သတ်မှတ်ထားသောအမှိုက်အိတ် (မီနီ) ၇.၅လီတာ

| အမှိုက်အိတ်ဝယ်ရန်လက်မှတ်ရှိသူ (အမှိုက်အိတ်တန်ဖိုးအပါအဝင်) | အမှိုက်အိတ်ဝယ်ရန်လက်မှတ်မရှိသူ (အမှိုက်အိတ်တန်ဖိုးနှင့် အမှိုက်ပစ်ကြေးအပါအဝင်အိတ်) |
|---|---|
| ယန်း၉၆ | ယန်း၉၃၆ |


အမှိုက်အိတ်၁ထုပ်လျှင် ၂၄အိတ်ပါဝင်သည်။

### ၂ စာမျက်နှာ၃ မှ စာမျက်နှာ၈အထိ အမှိုက်ခွဲခြားခြင်းဇယားအတိုင်း အမှိုက်နှင့် ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများကို ခွဲခြားပါ။



### ၃ သတ်မှတ်ထားသောအမှိုက်အိတ်ကို အသုံးပြုပြီး သတ်မှတ်ထားသည့် အမှိုက်ပစ်သည့်နေရာတွင် အမှိုက်ကိုပစ်ပါ။

အမှိုက်အိတ်အတွင်းမှ အမှိုက်များအပြင်သို့မထွက်ရန် သေချာချည်နှောင်ခြင်း၊ တိပ်ဖြင့်သေချာပိတ်ခြင်း အစရှိသည်တို့ပြုလုပ်ပြီး အမှိုက်ပစ်ပါ။




※ ပြန်လည်အသုံးပြု၍ရသော ပစ္စည်းများစွန့်ပစ်နည်းကို စာမျက်နှာ၇နှင့် စာမျက်နှာ၈တွင် ဖတ်ရှုပါ။

အမှိုက်အိတ်ဝယ်ရန်လက်မှတ်နှင့်ပတ်သတ်၍ **စုံစမ်းမေးမြန်းရန်** အမှိုက်လျှော့ချမှုမြှင့်တင်ရေးဌာနခွဲ ဖုန်း ၀၉၅၆-၃၂-၂၄၂၈

# စဆဲဗိုးမြို့ ၏သတ်မှတ်ထားသောအမှိုက်လတ်အိတ်နှင့်အမှိုက်အိတ်ဝယ်ရန်ပေးထားသောလက်မှတ်စနစ်နှင့်ပတ်သက်၍



သတ်မှတ်ထားသောအမှိုက်အိတ်အား အမှိုက်အိတ်ဝယ်ရန်ပေး
ထားသောလက်မှတ်ဖြင့် ဝယ်နည်းကို ပြောပြပေးပါ။



စူပါမတ်ကတ်နှင့် ၂၄နာရီကွန်ဗီနီယန်းစတိုး စသည်တို့တွင် အမှိုက်အိတ်ဝယ်သောအခါ
ငွေရှင်းကောင်းတာတွင် ပိုက်ဆံမပေးချေမီ အမှိုက်အိတ်ဝယ်ရန်ပေးထားသောလက်မှတ်ကို ပေးပါ။
သတ်မှတ်ထားသောအမှိုက်အိတ်ဈေးနှုန်းမှ ယန်း၈၄၀ လျှော့ဈေးဖြင့်ဝယ်ယူနိုင်ပါမည်။



အမှိုက်အိတ်ဝယ်ရန်ပေးထားသောလက်မှတ်၁စောင်ဖြင့်
အမှိုက်အိတ်များစွာဝယ်နိုင်ပါသလား။



အမှိုက်အိတ်ဝယ်ရန်ပေးထားသောလက်မှတ်၁စောင်ဖြင့်
ဝယ်နိုင်သောအမှိုက်အိတ်မှာ ၁ထုပ်သာဖြစ်ပါသည်။



အမှိုက်အိတ်ဝယ်ရန်ပေးထားသောလက်မှတ်ကို
ဘယ်နေရာတွင် ရနိုင်ပါသလဲ။



အမှိုက်အိတ်ဝယ်ရန်ပေးထားသောလက်မှတ်ကို မြို့နယ်ရုံးမှ စာတိုက်မှတဆင့် ပို့ပေးပါသည်။
ပေးပို့သောအချိန်ကာလမှာ နှစ်စဉ် ၁၁လပိုင်းမှ ၁၂လပိုင်းဖြစ်ပါသည်။
အမှိုက်အိတ်ဝယ်ရန်ပေးသောလက်မှတ်သည် ၁နှစ်လျှင်၁ကြိမ်၊ ၁ဦးလျှင်၅စောင်ဖြစ်ပါသည်။

စဆဲဗိုးမြို့ သည် ၂၀၀၅ခုနှစ်မှစ၍ 「အဆင့်၂ဆင့်ဖြင့် အမှိုက်ခကောက်ခံသည့်စနစ်」ကိုအကောင်အထည်ဖော်နေပါသည်။

**အမှိုက်အိတ်၏သတ်မှတ်ဈေးနှုန်း**


| အမှိုက်အိတ် ၁ထုပ် | အမှိုက်ဖျက်ဆီးခ | အမှိုက်အိတ်တန်ဖိုး |
|---|---|---|
| အိတ်အကြီး (၄အိတ်အပါ) | ၈၄၀ ယန်း | ၄၀ ယန်း |
| | ၈၈၀ ယန်း | |
| အိတ်အလတ် (၆အိတ်အပါ) | ၈၄၀ ယန်း | ၄၈ ယန် |
| | ၈၈၈ ယန်း | |
| အိတ်အသေး (၁၂အိတ်အပါ) | ၈၄၀ ယန်း | ၇၂ ယန် |
| | ၉၁၂ ယန်း | |
| မီနီအိတ် (၂၄အိတ်အပါ) | ၈၄၀ ယန်း | ၉၆ ယန်း |
| | ၉၃၆ ယန်း | |




**အမှိုက်အိတ်၏သတ်မှတ်ဈေးနှုန်း ထောက်ပံ့ပေးသောလက်မှတ်အသုံးပြုခြင်း**

| အမှိုက်အိတ် ၁ထုပ် | အမှိုက်ဖျက်ဆီးခ | အမှိုက်အိတ်တန်ဖိုး |
|---|---|---|
| အိတ်အကြီး (၄အိတ်အပါ) | ၀ ယန်း | ၄၀ ယန်း |
| | ၄၀ ယန်း | |
| အိတ်အလတ် (၆အိတ်အပါ) | ၀ ယန်း | ၄၈ ယန်း |
| | ၄၈ ယန်း | |
| အိတ်အသေး (၁၂အိတ်အပါ) | ၀ ယန်း | ၇၂ ယန်း |
| | ၇၂ ယန်း | |
| မီနီအိတ် (၂၄အိတ်အပါ) | ၀ ယန်း | ၉၆ ယန်း |
| | ၉၆ ယန်း | |

## 「သတ်မှတ်ထားသောအမှိုက်အိတ်ဝယ်ရန်လက်မှတ်」



- အမှိုက်အိတ်လက်မှတ်၁စောင်သည်ယန်း၈၄၀ ကျသင့်သော အမှိုက်ဖျက်ဆီးခ အလကားဖြစ်ပြီး၊ အမှိုက်အိတ်ကြေးဖြင့် သတ်မှတ်ထားသောအမှိုက်အိတ်ကို ဝယ်ယူနိုင်ပါသည်။
- ၁ကြိမ်လျှင် မိမိပစ်လိုသောအမှိုက်ပမာဏနှင့်ကိုက်ညီသော အမှိုက်အိတ်အရွယ်အစားကိုဝယ်ကြပါစို့။
- တစ်ဦးတည်းနေထိုင်သူနှင့် မိသားစုဝင်အနည်းငယ်သာရှိသောသူများမှာ အမှိုက်အိတ်၁အိတ်တွင် အိတ်အရေအတွက်များစွာပါဝင်သော အိတ်အသေးနှင့် မီနီအိတ်များကို ဝယ်ရန်ညွှန်းပါသည်။
- အမှိုက်များကို ခွဲခြားပစ်ရန်နှင့် ပြန်လည်အသုံးပြုနိုင်သောအမှိုက်များကို ပြန်လည်အသုံးပြုနိုင်သောအမှိုက်အဖြစ် ပစ်ကြပါစို့။




CE 株式会社 クリーンエコロジー
廃棄物処理業・運送業
一般 事業所 引越し 遺品整理 etc... ゴミの事ならなんでもOK!!
お気軽にお問い合わせ下さい。
〒857-1151 佐世保市日宇町1749-7 TEL (0956) 56-6868

臨時一般家庭ごみ、引っ越しごみ、遺品整理、倉庫のかたずけなど、お気軽にご相談下さい。
宇久町での回収も行います
電話番号 0956−55−1154 ㈱エコショウ
佐世保市有福町1716−5
ISO 9001:2015／14001:2015


# မီးရှို့ရသောအမှိုက်များကို ၁ပတ်လျှင်၂ကြိမ်စုပြီး သတ်မှတ်ထားသောအမှိုက်အိတ်ဖြင့် ပစ်ပါ။

※သတ်မှတ်ထားသောအမှိုက်အိတ်၁အိတ်တွင် ထည့်၍ရနိုင်သောအမှိုက်အရွယ်အစားကိုသာ လက်ခံပါသည်။ အိတ်အကြီး(၄၅လီတာ)ဖြင့်ပင် မဆံ့သောအမှိုက်သည် ကြီးမားသောအမှိုက်အဖြစ်သတ်မှတ်ပါသည်။ ကြီးမားသောအမှိုက်များ ပစ်ပုံပစ်နည်းအား စာမျက်နှာ၉တွင် ဖတ်ရှုနိုင်ပါသည်။




## အောက်တွင်ဖော်ပြထားသောအမှိုက်များသည် အမှိုက်အိတ်ဖြင့်ပစ်ရန် မလိုအပ်ပါ။

### သေးခံ　(လူကြီးသုံး၊ ကလေးသုံး)




အညစ်အကြေးများကိုဖယ်ရှားပြီး အိတ်အကြည် သို့မဟုတ် အတွင်းအားမြင်ရသောအိတ်တွင်ထည့်ပြီး မာကာပန်ဖြင့် (သေးခံ)လို့ရေးပြီးပစ်ပါ။

※အိမ်မွေးတိရစ္ဆာန်သုံး သေးခံနှင့် သေးခံအခင်းပြားများကို သတ်မှတ်ထားသောအမှိုက်အိတ်ထဲသို့ထည့်ပြီး မီးရှို့၍ရသောအမှိုက်အနေဖြင့်ပစ်ပါ။

### အိမ်ရှိသစ်ပင်အကိုင်းအခက်များနှင့် သစ်ရွက်အမှိုက်များ

သစ်ကိုင်းသစ်ခက်သည် ၁ချောင်းတွင် အတုတ် ၁၀စင်တီမီတာအောက်၊ အရှည် ၈၀စင်တီမီတာအောက်ဖြတ်တောက်ပြီး အတုတ် ၃၀စင်တီမီတာအောက် သစ်ကိုင်းစည်းပြုလုပ်ကာ ကြိုးဖြင့်ချည်၍ပစ်ပါ။ သစ်ရွက်အမှိုက်များကိုမူ ရွှံ့များကိုဖယ်ရှားပြီး အိတ်အကြည် သို့မဟုတ် အတွင်းသို့မြင်ရသော အိတ်ထဲသို့ထည့်ကာပစ်ပါ။ တဖန် ပစ်သည့်အခါ ၁ကြိမ်လျှင် သစ်ကိုင်း၂စည်း၊ သစ်ရွက်အိတ် ၂ထုပ် သာလျှင်ပစ်ပေးပါ။ အကယ်၍ အမှိုက်ဆိုများ၊ မီးရှို့ရသောကအမှိုက်များ များနေလျှင် အသစ်ကိုင်းများနှင့် သစ်ရွက်အမှိုက်များကို နောင်တစ်ကြိမ်မှ သိမ်းပါမည်။

သတိပြုရန်) ယင်းလိပ်၊ စင် အစရှိသော သစ်သားဖြင့်ပြုလုပ်ထားသော အရာများကို မီးရှို့ရသောအမှိုက် အနေဖြင့် အရှည်၈၀စင်တီမီတာအောက် ဖြတ်ပီး သတ်မှတ်ထားသော အမှိုက်အိတ်ထဲသို့ ထည့်၍ပစ်ပါ။ မြို့နယ်တွင်းသန့်ရှင်းရေးလုပ်နည်းအရ အိမ်ဝင်းအပြင်ရှိ သစ်ပင်သစ်ကိုင်းများ၊ သစ်ရွက်ကြွေများနှင့်ပတ်သက်၍ အမှိုက်လျှော့ချရေးဌာနသို့ ဆက်သွယ်ပေးပါ။




၈၀စင်တီမီတာ ကျော်လျှင် မီးရှို့စက်အတွင်းထည့်ရန်မဆံ့ပါ။

အချင်း ၁၀စင်တီမီတာအထက် တုတ်သော သစ်ပင်၏ပင်စည်ကို လွှဖြင့်အတုတ် ၁၀စင်တီမီတာအောက်၊ အရှည် ၈၀စင်တီမီတာအောက်ဖြတ်ပါ သို့မဟုတ် ပင်စည်အတုတ်(အချင်း)ကို ဒီအတိုင်းထားပြီး အထူ၁၅စင်တီမီတာအောက်ဖြတ်ပါ။

## ! အမှိုက်ပစ်သည့်အခါ သတိထားရန်

### မီးဖိုချောင်ထွက်အမှိုက်



အမှိုက်ဆိုများကိုရေသေချာစစ်ပြီးဆီများကိုမူစက္ကူသို့မဟုတ်အဝတ်စနှင့်စုတ်ကာ ပလပ်စတစ်အိတ်ထဲထည့်ပီး သေချာစည်းနှောင်ပါ။ ကာဗွန်ဒိုင်အောက်ဆိုဒ်လျှော့ချရန်နှင့် သတ်မှတ်အမှိုက်အိတ်အသုံးပြုမှုလျှော့ချရန်အတွက် ရေစစ်ခြင်းကို သေချာပြုလုပ်ပါရန် တောင်းဆိုပါသည်။

### မီးရှူးမီးပန်း၊ တစ်ခါသုံးမီးခြစ်၊ တစ်ခါသုံးအပူပြား




အမှိုက်သိမ်းကားအတွင်း မီးလောင်မှုဖြစ်စေသော အကြောင်းအရင်းမဖြစ်စေရန် မီးရှူးမီးပန်းများကို ရေတွင်နှစ်၍သေချာညှိမ်းသတ်ပါ။ မီးခြစ်အတွင်းရှိဂက်စ်ကိုသေချာထုတ်ပြီးမှ၊ တစ်ခါသုံးအပူပြားများကိုအသုံးပြုပြီး( အအေးခံပြီးမှ) ပစ်ပါ

**ပြန်လည်အသုံးပြုနိုင်သောအမှိုက်များကို (မီးရှို့ရသောအမှိုက်) အနေဖြင့် ပစ်လို့ရပါသလား။**

**မီးရှို့ရသောအမှိုက်များကို လျှော့ချနိုင်လျှင် သတ်မှတ်အမှိုက်အိတ်များကိုလည်း လျှော့ချနိုင်ပါမည်။**

အသုံးပြုပြီးသော ပရင်တာဆေးဘူးများကို စာတိုက်မှစတင်ပြီး ပြန်ပို့သောနည်းကိုအသုံးပြုပါ။




ပြန်ပို့နိုင်သောကုမ္ပဏီများမှာ brother, canon, EPSON, HP, စသည့်တံဆိပ်များမှ ပရင်တာဆေးဘူးအကုန်များ ဖြစ်ပါသည်။


**အသေးစိတ်ကြည့်ရှုရန်　http://www.inksatogaeri.jp**

**မြို့တွင်းရှိပရင်တာဆေးဘူးအကုန်များကိုလက်ခံပေးသော စာတိုက်များ**



ဆစဲဗိုးစာတိုက် ဆစဲဗိုးမြောက်ပိုင်းစာတိုက်
စဆဲဗိုးအနောက်ပိုင်းစာတိုက် ဟရူးစာတိုက်
ဟိုက်အိခိစာတိုက် မိခဝါချိစာတိုက်
ဟာရိအိုစာတိုက် ယော့ရှိအိစာတိုက်
ခိုစာဇ့စာတိုက် အယ်မုခအဲစာတိုက်

ဆိုင်တွင် ပြန်လည်အသုံးပြုရသော အသား၊ငါး၊ဟင်းထည့် ဖော့ပြားများကို သန့်စင်အောင်ဆေးပြီး ဆိုင်ရှေ့တွင်ရှိသော ဖော့ပြားများပြန်လည်ထည့်နိုင်သော ပုံးများတွင်ပြန်ထည့်ပါ။




※ပြန်လည်လက်မခံသောဆိုင်များလည်းရှိသောကြောင့် ဆိုင်တွင်မေးမြန်းပါ။

| | | |
|---|---|---|
| အစဂိုမြို့နယ် | | အင်္ဂါနေ့ ၊ သောကြာနေ့ |
| ယောရှိအိမြို့နယ် ဇန်းအိခိ | | တနင်္လာနေ့ ၊ ကြာသပတေးနေ့ |
| ဆဲချိဘရုမြို့နယ် ဇန်းအိခိ | | အင်္ဂါနေ့ ၊ သောကြာနေ့ |
| ခိုစဇမြို့နယ်၊ | ခုစုဒိုမရို၊ ခိုအုဇခိ၊ ယဒခဲ | တနင်္လာနေ့ ၊ ကြာသပတေးနေ့ |
| | အုစုနော့အုရ၊ ခုရိုအိရှို၊ ခိုစခ၊ ရှင်းဒန်း၊ ဆခဲနော့ခိုဘ၊ တဘရု၊ နိရှိုခဝအုချိ၊ ဟိရာဘရု၊ မိနတိုမချိ၊ ယောခိုအုရ | အင်္ဂါနေ့ ၊ သောကြာနေ့ |
| အဲမုခအဲမြို့နယ်ဇန်းအိခိ | | အင်္ဂါနေ့ ၊ သောကြာနေ့ |
| ရှိုခမချိမြို့နယ် ဇန်းအိခိ | | တနင်္လာနေ့ ၊ ကြာသပတေးနေ့ |
| အုခုမချိ အမှတ် | ၁ ဧရိယာ၊ ဟိုရိုခို၊ မုခအဲ၊ စဂရို၊ ဒန်နော့အုအဲ၊ ဖုနဂုရ၊ ခဝဘတ၊ မစွတ်ဘရ၊ တအိရ၊ ယမမိုတို၊ ဂျူးဂဝ၊ ဟရိဂိ | တနင်္လာနေ့ ၊ ကြာသပတေးနေ့ |
| | ၂ ဧရိယာ၊ နိုဂရ၊ အိုအိုဒအဲ၊ အုမဲနော့ခိ၊ ခိုဘ၊ အိုအိုခုဘို၊ ခိုမိုနော့အုရ၊ အိုဘမ၊ ရှိုမိုယမ၊ ဂိုအုဟိဂရှို၊ ဂိုအုနိရှို၊ မချိသိုအုဇအိ၊ မချိစုခုအိ၊ အိအိရ၊ မိုတိုအိအိရ | အင်္ဂါနေ့ ၊ သောကြာနေ့ |



ကြော်ငြာဖြစ်ပါသည်။ မီးရှို့ရသောအမှိုက်များ သိမ်းဆည်းသည့်ကုမ္ပဏီမဟုတ်ပါ။ (Yamaguchi ဆိုင် သို့ အိမ်သုံးလျှပ်စစ်ပစ္စည်း 5 ခု ပို့ဆောင်လိုပါက မြို့နယ်အလိုက်တွင်ရှိသော ထွေထွေအမှိုက် စုဆောင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေး ခွင့်ပြုမိန့်ရှိသည့် ကုမ္ပဏီကို ဆက်သွယ်ပါ။)

佐世保市・北松エリアのゴミ分別＆処分は全部お任せ
私たちにお任せください
エコムラ
一戸建て マンション お店 建築現場
ゴミ処分はいますぐお電話！
0956-66-8101
エコムラ

捨ててしまいたい思い出以外のゴミなら何でも片付けます
(有)オレンジ社
(有)オレンジ社
佐世保市白岳町94-5 TEL0956-34-5878
お見積りは無料です

# မီးရှို့မရသောအမှိုက် (၁လ၁ကြိမ်စုဆောင်းသည့်အခါ) သတ်မှတ်ထားသောအမှိုက်အိတ်ဖြင့် ပစ်ပါ။


※သတ်မှတ်ထားသောအမှိုက်အိတ်၁အိတ်တွင် ဝင်ဆံ့နိုင်သောအမှိုက်ကိုသာလက်ခံပါမည်။ အမှိုက်အိတ်အကြီး(၄၅လီတာ)အိတ်ဖြင့်ပင်မဆံ့သောအမှိုက်ကိုမူ ကြီးမားသောအမှိုက်အဖြစ် သတ်မှတ်ပါသည်။

**ပျက်ဆီးနိုင်သောအမှိုက်မဟုတ်သောကြောင့် [သတ်မှတ်ထားသောအမှိုက်အိတ်ပြည့်မှသာလျှင်ပစ်ပါ]၊ [သတ်မှတ်ထားသောအမှိုက်အိတ်မပေါက်ပြဲစေရန် အတွင်းတွင်တခြားအိတ်တစ်အိတ်ဖြင့်အရင်ထည့်ပြီးမှပစ်ပါ] စသည့်ဖြင့်စဉ်းစားပြီးပစ်ပါ။ (အမှိုက်အမျိုးအစားပေါ်မူတည်ပြီး အမှိုက်အိတ်ခွဲခြားရန်မလိုအပ်ပါ)**

## သတိပြုရန်


### ကွဲနေသောအရာများနှင့် မီးဖိုချောင်သုံးပစ္စည်းများ

စက္ကူနှင့်ပတ်ပီးမှ အိတ်၁အိတ် (သတ်မှတ်အမှိုက်ဖြစ်ရန်မလိုပါ)ထဲ သို့ထည့်ပြီး ခဲ့တခဲ့နှဖြင့် (キケン) လို့ရေးပြီး သတ်မှတ်ထားသောအမှိုက်အိတ်ထဲသို့ပစ်ပါ။




### အပူပေးစက်၊ ပန်ကာပုံစံအပူပေးစက်၊ စပရေးဘူးသံဘူးခွံ

အပူပေးစက်နှင့် ပန်ကာအပူပေးစက်သုံး ရေနံဆီကို ကုန်အောင်သုံးပါ။ ရေနံဆီက ကျန်နေသည့်အတိုင်းပစ်လျှင် အမှိုက်သိမ်းကားနှင့် အတူတူသိမ်းထားသောအမှိုက်များ မီးလောင်စေသော အကြောင်းအရင်းဖြစ်စေပါသည်။




ရေနံဆီအနည်းငယ်ကျန်နေလျှင် အဝတ်စ၊ စက္ကူစသည် တို့ဖြင့် ဆီကိုစုတ်ပြီး မီးရှို့ရသောအမှိုက်အနေဖြင့် ပစ်ပါ။ ရေနံဆီများစွာကျန်နေလျှင် ပိုက်ဖြင့်စုတ်ထုတ်ပြီး ခေတ် ဆီဆိုင်စသောနေရာတွေတွင် လက်ခံမလား မေးပါ။

စပရေးဘူးနှင့် ဂက်စ်မီးဖိုအသေးတွင်သုံးသော ဂက်စ်ဘူး များကို ကုန်အောင်သုံးပြီး မစွန့်ပစ်မီ မီးလောင်နိုင်သောလေ ထုမဖြစ်စေရန် အိမ်အပြင်သုံးထွက်ပြီး အပေါက်ဖောက်ပီး ပစ်ပါ။



အရှည်၁မီတာအောက်ရှိသော အရာများကို သတ်မှတ်အမှိုက်အိတ်အကြီး(၄၅လီတာ) ဖြင့်ပစ် လျှင် သိမ်းပါမည်။

(set လိုက်မဟုတ်သော ဂေါက်တံနှင့် ထီး စတာတွေ)




## မီးရှို့မရသောအမှိုက်အမျိုးအစားများ (ဥပမာ)




※အိမ်သုတ်ဆေးနှင့် ဆီ၊အင်္ဂျင်ဝိုင်စသည်တို့ကို အဝတ် သို့မဟုတ် စက္ကူဖြင့်စုတ်ပီး မီးရှို့ရသောအမှိုက်အဖြစ် စွန့်ပစ်နိုင်ပါသည်။
ဘူးခွံများမှာ သတ္တုထည်ဖြစ်နေလျှင် မီးရှို့မရသောအမှိုက်၊ ပလပ်စတစ်ပစ္စည်းဆိုလျှင် မီးရှို့ရသောအမှိုက် ဖြစ်သည်။

အားပြန်သွင်းနိုင်သောဓာတ်ခဲများသည် အမှိုက်အနေဖြင့်သိမ်းစည်းမရသလို သန့်စင်ရေးစင်တာကလည်း လက်မခံပါ။ အိမ်သုံးလျှပ်စစ်ပစ္စည်းအရောင်းဆိုင်ရှိ သီးသန့်အမှိုက်ဘူးတွင်ပစ်ပါ။

# မီးရှို့မရသောအမှိုက်စုဆောင်းသည့်နေ့ပြဇယား

မြောက်ပိုင်းဒေသ (北部)

| | | | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | မတ်လ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အစဂိုမြို့နယ် ဒုတိယပတ် စနေနေ့ | | | 12 | 10 | 14 | 12 | 9 | 13 | 11 | 8 | 13 | 10 | 14 | 14 |
| ယောရှီအိမြို့နယ်ဇန်းအိခ် ဒုတိယပတ်စနေနေ့ | | | 12 | 10 | 14 | 12 | 9 | 13 | 11 | 8 | 13 | 10 | 14 | 14 |
| ဆယ်ချိဘာရုမြို့နယ် ဒေသတစ်ခုလုံး စတုတ္ထပတ် စနေနေ့ | | | 26 | 24 | 28 | 26 | 23 | 27 | 25 | 22 | 27 | 24 | 28 | 28 |
| ခိုစဇမြို့နယ်ဇန်းအိခ် ဒုတိယပတ်စနေနေ့ | | | 12 | 10 | 14 | 12 | 9 | 13 | 11 | 8 | 13 | 10 | 14 | 14 |
| အဲမုခအဲမြို့နယ်ဇန်းအိခ် တတိယပတ်စနေနေ့ | | | 19 | 17 | 21 | 19 | 16 | 20 | 18 | 15 | 20 | 17 | 21 | 21 |
| ရှိခမချိမြို့နယ် ဒေသတစ်ခုလုံး စတုတ္ထပတ် စနေနေ့ | | | 26 | 24 | 28 | 26 | 23 | 27 | 25 | 22 | 27 | 24 | 28 | 28 |
| အုခုမချိ အမှတ် | ဦခုမြို့နယ် ခရိုင် ၁ | ပထမပတ် ဗုဒ္ဓဟူးနေ့<br>ဟိုရိခို၊ မုခအဲ၊ စဂရိ၊ ဒန်းနော့ဥအဲ၊ ဖုနဂုချိ၊ ခဝဘတ၊ မာစွတ်ဘရ၊ တအိရ၊ ယာမမိုတို၊ ဂျူးဂဝ၊ ဟရိဂိ | 2 | 7 | 4 | 2 | 6 | 3 | 1 | 5 | 3 | 7 | 4 | 4 |
| | ၂ ဒေသ | တတိယပတ် ဗုဒ္ဓဟူးနေ့<br>နိုဂရ၊ အိုအိုဒအဲ၊ အုမဲနော့ခိ၊ ခိုဘ၊ အိုအိုခုဘို၊ ခိုမိုနော့အုရ၊ အိုဘမ၊ ရှိမိုယမ၊ ဂိုအုဟိဂရှိ၊ ဂိုအုနိရှိ၊ မချိသိုအုဇအိ၊ မချိစုခအိ၊ အိအိရ၊ မိုတိုအိအိရ | 16 | 21 | 18 | 16 | 20 | 17 | 15 | 19 | 17 | 21 | 18 | 18 |



ကြော်ငြာဖြစ်ပါသည်။ မီးရှို့ရသောအမှိုက်များ သိမ်းဆည်းသည့်ကုမ္ပဏီမဟုတ်ပါ။ (Yamaguchi ဆိုင် သို့ အိမ်သုံးလျှပ်စစ်ပစ္စည်း 5 ခု ပို့ဆောင်လိုပါက မြို့နယ်အလိုက်တွင်ရှိသော ထွေထွေအမှိုက် စုဆောင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေး ခွင့်ပြုမိန့်ရှိသည့် ကုမ္ပဏီကို ဆက်သွယ်ပါ။)





※ မြို့နယ်အလိုက် ၁လ ၁ကြိမ် သိမ်းသည့်နေရာများရှိပါသည်။ ကိုယ်နေထိုင်သောနေရာအလိုက် အတည်ပြုစစ်ဆေးပါ။
မြို့နယ်အလိုက် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာကြပါစို့။



| | | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | မတ်လ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အစဂိုမြို့နယ် | | 2 | 7 | 4 | 2 | 6 | 3 | 1 | 5 | 3 | 7 | 4 | 4 |
| | | 16 | 21 | 18 | 16 | 20 | 17 | 15 | 19 | 17 | 21 | 18 | 18 |
| ယောရှိအိမြို့နယ် ဇန်းအိခ် | | 2 | 7 | 4 | 2 | 6 | 3 | 1 | 5 | 3 | 7 | 4 | 4 |
| | | 16 | 21 | 18 | 16 | 20 | 17 | 15 | 19 | 17 | 21 | 18 | 18 |
| ဆဲချိဘရမြို့နယ် ဇန်းအိခ် | | 9 | 14 | 11 | 9 | 2 | 10 | 8 | 12 | 10 | 14 | 7 | 11 |
| | | 23 | 28 | 25 | 23 | 27 | 24 | 22 | 26 | 24 | 28 | 25 | 25 |
| ခိုစဇမြို့နယ် ဇန်းအိခ | | 2 | 7 | 4 | 2 | 6 | 3 | 1 | 5 | 3 | 7 | 4 | 4 |
| | | 16 | 21 | 18 | 16 | 20 | 17 | 15 | 19 | 17 | 21 | 18 | 18 |
| အဲမုခအဲမြို့နယ် ဇန်းအိခ | | 12 | 10 | 14 | 12 | 9 | 13 | 11 | 8 | 13 | 10 | 14 | 14 |
| | | 26 | 24 | 28 | 26 | 23 | 27 | 25 | 22 | 27 | 24 | 28 | 28 |
| ရှိခမချိမြို့နယ် ဇန်းအိခ | | 9 | 14 | 11 | 9 | 2 | 10 | 8 | 12 | 10 | 14 | 7 | 11 |
| | | 23 | 28 | 25 | 23 | 27 | 24 | 22 | 26 | 24 | 28 | 25 | 25 |
| အုခုမချိ အမှတ် | ၁ ဧရိယာ ဟိုရိခို၊ မုခအဲ၊ စဂရိ၊ ဒန်းနော့အုရ၊ ဖုနဂုရ၊ ခ၀ဘတ၊ မစွတ်ဘရ၊ တအိရ၊ ယမမိုတို၊ ဂျူးဂ၀၊ ဟရိဂိ | 9 | 14 | 11 | 9 | 13 | 10 | 8 | 12 | 10 | 14 | 11 | 11 |
| | ၂ ဧရိယာ နိုဂရ၊ အိုအိုဒအဲ၊ အုမဲနော့ခိ၊ ခိုဘ၊ အိုအိုခုဘို၊ ခိုမိုနော့အုရ၊ အိုဘမ၊ ရှိမိုယမ၊ ဂိုအုဟိဂရှိ၊ ဂိုအုနိရှိ၊ မချိသိုအုဇအိ၊ မချိစုခုအိ၊ အိအိရ၊ မိုတိုအိအိရ | 23 | 28 | 25 | 23 | 27 | 24 | 22 | 26 | 24 | 28 | 25 | 25 |



ကြော်ငြာဖြစ်ပါသည်။ မီးရှို့ရသောအမှိုက်များ သိမ်းဆည်းသည့်ကုမ္ပဏီမဟုတ်ပါ။ (Yamaguchi ဆိုင် သို့ အိမ်သုံးလျှပ်စစ်ပစ္စည်း 5 ခု ပို့ဆောင်လိုပါက မြို့နယ်အလိုက်တွင်ရှိသော ထွေထွေအမှိုက် စုဆောင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေး ခွင့်ပြုမိန့်ရှိသည့် ကုမ္ပဏီကို ဆက်သွယ်ပါ။)

一般・廃棄物
収集運搬業
株式会社サセボ環境開発
処分に困ったらお気軽にお電話を♪
一般　事業所　引っ越しゴミ　遺品整理　etc...
見積無料
通話料無料 0120-968-530
https://sasebo530.com/
LINE
LINE公式アカウント
友だち追加からお問い合わせ・お見積等できます！

困ったゴミ・大きいゴミも何でもお任せ!!
臨時の
家庭・粗大ごみ
遺品整理
引越しごみ・学習机
お仏壇・リサイクル家電
お引越し
草刈り
太陽光発電所や空き地の草刈りもお任せ!!
公式 LINE
Instagram
"あなたの『困った』を
便利屋『良かった』に!!"
タスケット
TEL 080-8397-3410
http://tasuket.com/

# အရွယ်အစားကြီးသောအမှိုက်

**အိမ်တိုင်ရာရောက် အခကြေးငွေဖြင့် အမှိုက်သိမ်းရန်အတွက် အင်တာနက် သို့မဟုတ် ဖုန်းဖြင့် လျှောက်လွှာတင်ခြင်း**

※ကျသင့်ငွေကိုလျှောက်လွှာတင်ချိန်တွင် အတည်ပြုစစ်ဆေးပါ။

အိမ်မှထွက်သောအမှိုက်များအနက် သတ်မှတ်အမှိုက်အိတ်(အကြီး ၄၅လီတာ)တွင်မဆံ့သော ၆၀ကီလိုဂရမ်ကိုအကျော်သောအမှိုက်ဖြစ်သည်။ ကုမ္ပဏီ၊ ရုံးခန်းစသည်တို့မှ ထွက်သောအရွယ်အစားကြီးသောအမှိုက်များကို မသိမ်းစည်းပါ။
တစ်ကြိမ်တွင်သိမ်းစည်းနိုင်သော အရေအတွက်မှာ ၅ထုပ်သာဖြစ်ပါသည်။ အရေအတွက်များလျှင် သန့်စင်ရေးစင်တာသို့ ကိုယ်တိုင်လာပို့ခြင်း သို့မဟုတ် လိုင်စင်ရ အထွေထွေအမှိုက်စုဆောင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေး ကုမ္ပဏီထံမှလာရောက်သိမ်းစည်းခြင်းကို တောင်းခံပါ။

**မလိုအပ်သောပစ္စည်းနှင့် အရွယ်အစားကြီးသောအမှိုက်များကို မပစ်မီ အဟောင်းဆိုင်(ပြန်လည်အသုံးပြုနိုင်သောပစ္စည်း)ကိုဆက်သွယ်ကြည့်ပြီးပြီလား။ အသေးစိတ်ကို စာမျက်နှာ၁၃တွင်ဖတ်ပါ။**

| ဆက်သွယ်မေးမြန်းခြင်း လျှောက်လွှာတင်ခြင်း | | |
|---|---|---|
| အရွယ်အစားကြီးသောအမှိုက်များလက်ခံသည့်စင်တာ | ☎ ၀၉၅၆-၄၆-၅၃၀၀ | စုံစမ်းနိုင်သောအချိန် တနင်္လာ မှ သောကြာနေ့ (အစိုးရရုံးပိတ်ရက်မပါ) မနက် ၈:၀၀- ညနေ ၅:၀၀ |
| ဥခုစတော့ခြံဝန်း | ☎ ၀၉၅၉-၅၇-၃၂၃၈ | ※ဥခုစတော့ခြံဝန်း နေ့လည်၁၂:၀၀-၁၃:၀၀ ပိတ်သည်။ |

## 1 အင်တာနက် တနည်း ဖုန်းဖြင့် လျှောက်ထားနိုင်ပါသည်။

**●အင်တာနက်မှ လျှောက်ထားခြင်း**

စမတ်ဖုန်း၊ ကွန်ပျူတာမှတဆင့်လျှောက်လွှာတင်နိုင်ပါသည်။
သိမ်းစည်းရန်ဆန္ဒရှိသည့်ရက်ထက် ၁၀ရက်မတိုင်ခင်က လျှောက်လွှာပိတ်ရက်ဖြစ်ပါသည်။
https://sodai-sys.jp/sasebo/users/

**●ဖုန်းဖြင့်လျှောက်ထားခြင်း ၀၉၅၆-၄၆-၅၃၀၀**

စုံစမ်းနိုင်သောအချိန် တနင်္လာ မှ သောကြာနေ့ မနက် ၈:၃၀- ညနေ ၅:၀၀
(အမှိုက်သိမ်းစည်းရန်ဆန္ဒရှိသောရက်၏ ၁လမတိုင်ခင်- ၃ရက်မတိုင်ခင်အထိ)
ပေးရမည့်အချက်အလက်များမှာ
အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ အမှိုက်လာသိမ်းရန်ဆန္ဒရှိသောရက်၊ အိမ်းအနီးအနားရှိလမ်းအခြေအနေ
အရွယ်အစားကြီးမားသောအမှိုက်၏အမျိုးအစား၊ အရေအတွက်၊ အတိုင်းအတာ (အလျား၊ အနံ၊အမြင့် စသည်)

## 2 ဈေးနှုန်းအလိုက် စူပါမတ်ကတ်၊ ၂၄နာရီစတိုးတွင် ၁အိတ် ၅၂၀ယန်းဖြင့် ( ကြီးမားသောအမှိုက်သုံးလက်မှတ်) ကိုဝယ်ပါ။



● ၅၂၀ယန်းအတွက် ......၁အိတ်
● ၁၀၄၀ယန်းအတွက် … ၂အိတ်
● ၁၅၆၀ယန်းအတွက် … ၃အိတ်

※အရွယ်အစားကြီးမားလွန်း၍ တစ်ယောက်တည်း ပစ်ရန်မလွယ်ကူလျှင် တခြားလူ၏အကူအညီလိုအပ်လျှင် အိမ်အရောက်သိမ်းစည်းခြင်းလည်း လုပ်နိုင်ပါသည်။ (၁ကြိမ်လျှင် ၁စောင်)

## 3 (ကြီးမားသောအမှိုက်ပစ်လက်မှတ်) ကို အမှိုက်တွင်ကပ်ပြီး အိမ်ရှေ့တွင်ထုတ်ပါ။





※လက်မှတ်တစ်ဝက်တည်းဆိုလျှင် သိမ်းစည်းမည်မဟုတ်သောကြောင့် သေချာပေါက် လက်မှတ်အပြည့်အစုံကပ်ပြီးပစ်ပါ။

## 4 အမှိုက်သိမ်းတာဝန်ခံမှ လာ၍သိမ်းဆည်းပါမည်။

**ရပ်စောင့်နေရန်မလိုအပ်ပါ။**



※အိမ်ထဲအထိသိမ်းဆည်းရန်နှင့် တိုက်ခန်းတံခါးသော့ဖွင့်ရန်လိုအပ်လျှင် ကိုယ်တိုင်စောင့်ရန်လိုအပ်ပါသည်။



**● ကြီးမားသောအမှိုက်များကိုသိမ်းစည်းပြီးနောက် ပြန်လည်အသုံးပြုနိုင်သောပစ္စည်းဆိုရင် ပြန်လည်အသုံးပြုသောအခြေအနေများရှိပါသည်။ ပြန်လည်အသုံးပြုခြင်း မလုပ်စေချင်လျှင် ပြောနိုင်ပါသည်။**


## အမှိုက် ပြန်လည်အသုံးပြုနိုင်ပစ္စည်းများကို သန့်စင်ရေးစင်တာသို့ သယ်ဆောင်ခြင်းနှင့်ပတ်သတ်ပြီး


အိမ်အသီးသီးမှထွက်သော အမှိုက်နှင့် ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများက ဇယားတွင်ရေးထားသော (အမှိုက်သိမ်းသည့်ပိတ်ရက်)တွင် စဆဲဗိုးမြို့၏သန့်စင်ရေးစင်တာသို့ တိုက်ရိုက်သယ်ဆောင်လာနိုင်ပေမယ့် နေ့စဥ်ထွက်သောအမှိုက်များသည် တတ်နိုင်သလောက် အမှိုက်ဌာန၏အခြေနေကိုကြည့်၍ပစ်ပါရန် မေတ္တာရပ်ခံပါသည်။
※ကြီးမားသောအမှိုက်များကို သယ်ဆောင်လာသောအခြေအနေတွင် ထိုနေရာတွင်ငွေပေးချေနိုင်သောကြောင့် (ကြီးမားသောအမှိုက်ပစ်နိုင်သောလက်မှတ်)ကို ဝယ်ယူလာရန် မလိုအပ်ပါ။


| | သတ်မှတ်အမှိုက်အိတ် | သတ်မှတ်အမှိုက်အိတ်မဟုတ်သောအိတ် | |
|---|---|---|---|
| | | ~၅၀ကီလိုဂရမ် | ၅၀ကီလိုဂရမ်~ |
| မီးရှို့ရသောအမှိုက် မီးရှို့မရသောအမှိုက် | အခမဲ့ | ၄၅၀ယန်း | ၁၀ကီလိုဂရမ်ချင်းစီအတွက် ၉၀ယန်းထပ်ပေးဆောင်ရမည် |
| အရွယ်အစားကြီးမားသောအမှိုက် | | ၄၅၀ယန်း | ၁၀ကီလိုဂရမ်ချင်းစီအတွက် ၉၀ယန်းထပ်ပေးဆောင်ရမည် |
| ပြန်လည်အသုံးပြုရသောအမှိုက် | အခမဲ့ | | |

**လက်ခံသည့်အချိန် တနင်္လာ မှ စနေအထိ မနက်၈:၃၀- ညနေ၅:၀၀**

ဇယားတွင်ရေးထားသော အမှိုက်သိမ်းမည့်ရက်အနားယူသည့်နေ့မှလွဲ၍ သယ်ဆောင်လာနိုင်ပါသည်။
※ ဥခုစတော့ခြံဝန်း နေ့လည်၁၂:၀၀-၁၃:၀၀ ပိတ်သည်။




**● အမှိုက် ပြန်လည်အသုံးပြုနိုင်ပစ္စည်းများခွဲခြားပါ။ သတ်မှတ်အမှိုက်အိတ်မဟုတ်သောအိတ် အတွင်းကိုမြင်ရသောအိတ်အကြည် သို့မဟုတ် အိတ်အဖြူထဲသို့ထည့်၍ပစ်ပါ။**

# အိမ်သုံးလျှပ်စစ်၅မျိုးခွဲခြားခြင်းနဲ့ပတ်သက်၍

**မြို့ကိုသန့်ရှင်းစေရန် သတ်မှတ်ချက်နဲ့မညီသော မှိုက်ပစ်ခြင်းကို ရပ်ကြစို့။**




အိမ်သုံးလျှပ်စစ်ပစ္စည်း၅မျိုးနှင့်ပတ်သက်၍ အမှိုက်ဌာနကိုမပစ်ဘဲ၊ သန့်ရှင်းရေးစက်တာတွင်လည်း လက်မခံနိုင်သောကြောင့် မိမိဝယ်ယူထားသောဆိုင်သို့ ပြန်ဆက်သွယ်ပါ။ တခြားနည်းအနေဖြင့် (ပြန်လည်အသုံးပြုနိုင်သောအိမ်သုံးလျှပ်စစ်အတွက်လက်မှတ်) ကို စာတိုက်တွင်ဝယ်ပြီး အောက်ဖော်ပြပါ သတ်မှတ်ထားသောလက်ခံဌာနသို့ တိုက်ရိုက်သယ်ဆောင်သွားနိုင်ပါသည်။

အိမ်သုံးလျှပ်စစ်ပစ္စည်း၅မျိုးသည် အိမ်သုံးပစ္စည်းများပြန်လည်အသုံးပြုခြင်းဥပဒေအပေါ်အခြေခံ၍ ပြန်လည်အသုံးပြုရန်လိုအပ်ပါသည်။ အထက်ပါအိမ်သုံးလျှပ်စစ်ပစ္စည်းများသည် အသုံးဝင်သောအရင်းအမြစ်တစ်ခုဖြစ်သည့်အပြင် ၎င်းတို့တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့၊ အန္တရာယ်ရှိသောခဲများပါဝင်သောကြောင့် အိုဇုန်းလွှာပျက်ဆီးမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်စေသောကြောင့် ဥပဒေနှင့်အညီသင့်လျော်စွာပြန်လည်အသုံးပြုရမည်ဖြစ်သည်။ (အသုံးပြုသူက ပြန်လည်အသုံးပြုခပေးဆောင်ခြင်း)၊ (အရောင်းဆိုင်ကပြန်လည်လက်ခံခြင်း)၊ (အိမ်သုံးပစ္စည်းထုတ်လုပ်သောဘာရန်းမှပြန်လည်အသုံးပြုခြင်း) တို့မဖြစ်မနေတခုခုလုပ်ရန်လိုအပ်ပါသည်။

**ဝယ်ယူထားသောအိမ်သုံးလျှပ်စစ်ပစ္စည်းဆိုင်ကိုသိသည်။** → **ဟုတ်ကဲ့။**

ဝယ်ထားသောဆိုင်မှ ပြန်လည်လက်ခံနိုင်ပါသည်။ (ဝယ်သည့်ဆိုင်မှပြန်လည်လက်ခံပါသည်။)

※အိမ်သုံးလျှပ်စစ်ပစ္စည်း ပြန်လည်အသုံးပြုရန်လက်ခံခြင်းအခကြေးငွေအပြင် သယ်ယူပို့ဆောင်ရေးစရိတ်လည်းလိုအပ်ပါသည်။ သတ်မှတ်ဈေးနှုန်းကို ဆိုင်တွင်မေးပါ။

**မသိပါ။**

**အဲ့ဒီပစ္စည်းက အလိုက်ပေး၍ပစ္စည်းလဲလို့ရသည်။** → **ဟုတ်ကဲ့။**

ပစ္စည်းအသစ်ကို ဝယ်မည့်ဆိုင်တွင်လည်း အဟောင်းပြန်လည်လက်ခံမလားမေးလို့ရပါသည်။

※ အိမ်သုံးလျှပ်စစ်ပစ္စည်း ပြန်လည်အသုံးပြုရန်လက်ခံခြင်းအခကြေးငွေအပြင် သယ်ယူပို့ဆောင်ရေးစရိတ်လည်းလိုအပ်ပါသည်။ သတ်မှတ်ဈေးနှုန်းကို ဆိုင်တွင်မေးပါ။

**မသိပါ။**

**အိမ်သုံးလျှပ်စစ်ပစ္စည်းအရောင်းဆိုင်အား ပြန်လည်လက်ခံရန်တောင်းဆိုသည်။** → **ဟုတ်ကဲ့။**

ဝယ်ခဲ့သောဆိုင်မဟုတ်လည်းဘဲ ပြန်လည်လက်ခံပေးသောဆိုင်များလည်းရှိပါသည်။

※ အိမ်သုံးလျှပ်စစ်ပစ္စည်း ပြန်လည်အသုံးပြုရန်လက်ခံခြင်းအခကြေးငွေအပြင် သယ်ယူပို့ဆောင်ရေးစရိတ်လည်းလိုအပ်ပါသည်။ သတ်မှတ်ဈေးနှုန်းကို ဆိုင်တွင်မေးပါ။

**မသိပါ။**

**သတ်မှတ်ထားသောလက်ခံသည့်နေရာကို ကိုယ်တိုင်သယ်ပို့ခြင်းလုပ်နိုင်သည်။** → **ဟုတ်ကဲ့။**

စာတိုက်တွင် အိမ်သုံးလျှပ်စစ်ပစ္စည်း ပြန်လည်အသုံးပြုရန်လက်ခံခြင်းအခကြေးငွေကိုပေးဆောင်ပါ။ (ဘဏ်မှငွေလွှဲခြင်းစနစ်ဖြစ်ပါသည်)။ အိမ်သုံးလျှပ်စစ်ပစ္စည်း ပြန်လည်အသုံးပြုရန်လက်ခံခြင်းလက်မှတ်ကိုရယူပြီး မိမိပစ်မည့် အိမ်သုံးလျှပ်စစ်ပစ္စည်းနှင့်အတူ ပြန်လည်လက်ခံပေးသောသတ်မှတ်နေရာသို့ ယူသွားပါ။

※ ကိုယ်တိုင်ပို့ခြင်းဖြစ်သောကြောင့် သယ်ယူစရိတ်ပေးရန်မလိုပါ။

**မသိပါ။**

**အထက်ပါအချက်အလက်များ မဖြစ်နိုင်သောအခြေအနေ** → **ဟုတ်ကဲ့။**

အထွေထွေအမှိုက် စုဆောင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေးလိုင်စင်ရထားသော ကုမ္ပဏီကို သယ်ယူရေးအတွက်တောင်းဆိုပါ။ စာတိုက်တွင် အိမ်သုံးလျှပ်စစ်ပစ္စည်း ပြန်လည်အသုံးပြုရန်လက်ခံခြင်းအခကြေးငွေကိုပေးဆောင်ပါ။ အိမ်သုံးလျှပ်စစ်ပစ္စည်း ပြန်လည်အသုံးပြုရန်လက်ခံခြင်းလက်မှတ်ကိုရယူပြီး မိမိပစ်မည့် အိမ်သုံးလျှပ်စစ်ပစ္စည်းနှင့်အတူ သယ်ယူပို့ဆောင်ရေးကုမ္ပဏီကို သယ်ပို့ခိုင်းပါ။

※ သယ်ယူပို့ဆောင်ရေးစရိတ်လည်းလိုအပ်ပါသည်။ သတ်မှတ်ဈေးနှုန်းကို အဲ့ဒီဆိုင်တွင်မေးပါ။

### စာတိုက်တွင် အိမ်သုံးလျှပ်စစ်ပစ္စည်း ပြန်လည်အသုံးပြုရန်လက်ခံရန် အခကြေးငွေကိုပေးဆောင်ခြင်းနှင့်ပတ်သက်၍

အရင်ဆုံး အောက်ဖော်ပြပါအချက်အလက်များကို စစ်ဆေးပြီးမှ စာတိုက်သို့သွားပါ။
တီဗွီ : ထုတ်သောကုမ္ပဏီ နှင့် မျက်နှာပြင်အရွယ်အစား (၁၅လက်မ၊ ၃၂လက်မ စသည်)
ရေခဲသေတ္တာ၊ freezer: ထုတ်သောကုမ္ပဏီနှင့် အရွယ်အစား
တခြား : ထုတ်သောကုမ္ပဏီ
စာတိုက်တွင် အိမ်သုံးလျှပ်စစ်ပစ္စည်း ပြန်လည်အသုံးပြုရန်လက်ခံခြင်းအခကြေးငွေကို ပေးဆောင်ခြင်းအတွက် ပို့ခစာရွက်စာတမ်းကြေးလည်း ပေးရန်လိုအပ်ပါသည်။ အိမ်သုံးလျှပ်စစ်ပစ္စည်း ပြန်လည်အသုံးပြုရန်လက်ခံခြင်းလက်မှတ်တွင် ထုတ်လုပ်သူကုဒ်ကဲ့သို့ လိုအပ်သောကြောင့် အချက်အလက်များဖြည့်ပါ။

### အထွေထွေအမှိုက် စုဆောင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေးလိုင်စင်ရထားသော ကုမ္ပဏီအား ပို့ဆောင်ခိုင်းမည်ဆိုလျှင်

ဆစ်ဗိုးမြို့အင်တာနက်စာမျက်နှာတွင် (အထွေထွေအမှိုက် စုဆောင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေးလိုင်စင်ရထားသော ကုမ္ပဏီ) လို့ရေးသားရှာဖွေပါ။
URLသည် https://www.city.sasebo.lg.jp/kankyo/haisid/ippan-mebo.html ဖြစ်ပါသည်။ အထွေထွေအမှိုက် စုဆောင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေးလိုင်စင်ရထားသော ကုမ္ပဏီနာမည်ကစပြီး ရွေးချယ်ပါ။ တဖန် အမှိုက်သိမ်းရက်ပြ ပြက္ခဒိန်၏ စာမျက်နှာ ၄၊ ၆၊ ၈၊ ၁၀၊ ၁၂ ၏အောက်တွင် ကုမ္ပဏီကြော်ငြာများလည်းရှိပါသည်။ သယ်ပို့စရိတ်သည် ကုမ္ပဏီအလိုက်မတူညီပါ။

**ဆက်သွယ်ရန်**

သတ်မှတ်ထားသည့်လက်ခံပေးသောကုမ္ပဏီ တဖန် အမှိုက်လျှော့ချမှုမြှင့်တင်ရေးဌာန သို့ တိုက်ရိုက် ဆက်သွယ်ပါ။ **အမှိုက်လျှော့ချမှုမြှင့်တင်ရေးဌာန ☎၀၉၅၆-၃၂-၂၄၂၈**

ကုန်ကျစရိတ်နှင့်ပတ်သက်ဆက်သွယ်ရန် အိမ်သုံးလျှပ်စစ်ပစ္စည်းများအသင်း အိမ်သုံးလျှပ်စစ်ပစ္စည်း ပြန်လည်အသုံးပြုရန်လက်ခံခြင်းလက်မှတ်စင်တာ ☎၀၁၂၀-၃၁၉၆၄၀ Homepage https://www.rkc.aeha.or.jp/





**သတ်မှတ်ထားသည့်လက်ခံပေးသောနေရာ ယာမဂုချိကုမ္ပဏီ အရောင်းဆိုင်** စဒ့ရပ်ကွက် အိုအိုရှိဂါမန်း ၁၀၇-၁ **ဖုန်း ၀၉၅၆-၄၂-၇၅၀၀** | **ဆစ်ဗိုးဒိုင်းခရူးသယ်ယူပို့ဆောင်ရေးကုမ္ပဏီ (ခုရုမဲသယ်ယူပို့ဆောင်ရေးကုမ္ပဏီဆစ်ဗိုးဆိုင်)** ဆစ်ဗိုးမြို့ ရှင်းခယောအဲရပ်ကွက် ၅၃၉-၁ **ဖုန်း ၀၉၅၆-၃၀-၇၂၈၅**

**ယာမဂုချိအရောင်းဆိုင်သည် မြို့တွင်းယာမတိုရပ်ကွက်မှသွားရပါသည်။ သတိပြုပါ။ (※ ဖော်ပြပါတို့သည် အိမ်သို့လာရောက်သယယူခြင်းမပြုပါ။ ယူလာသောပစ္စည်းများကိုသာလက်ခံပို့ဆောင်ပေးပါသည်။)**



ကြော်ငြာဖြစ်ပါသည်။ Yamaguchi ဆိုင် သို့ အိမ်သုံးလျှပ်စစ်ပစ္စည်း 5 ခု ပို့ဆောင်လိုပါက မြို့နယ်အလိုက်တွင်ရှိသော ထွေထွေအမှိုက် စုဆောင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေး ခွင့်ပြုမိန့်ရှိသည့် ကုမ္ပဏီကို ဆက်သွယ်ပါ။


すべてのお客様へより良いご提案を！
金属屑と廃棄物処理のプランニング
金属屑 (株)角 商店 ☎33-1071 白岳町1538
廃棄物 (有)環境サービス ☎33-0884 白岳町1541




西部故紙センター株式会社
ISO14001、ISO/IEC27001 認証取得
〒857-1164 佐世保市白岳町 1509
TEL（0956）31-1125 LINEからも問合せできます！
段ボール・新聞・雑誌・アルミ缶・ペットボトル等お持ち込み大歓迎！
きれいな地球を後世に!
REDUCE × REUSE × RECYCLE × REVIVE
LINE 登録後 5ポイントで トイレットペーパー プレゼント!
LINE
会社 HP

# အမှိုက်ပစ်သည့်အခါသတိပြုရန်အချက်

## Lynette ဂျပန်

### စက္ကူအမှိုက်(အထွေထွေစာရွက်)များခွဲခြားခြင်းကို အတည်ပြုကြစို့။




*စက္ကူအိတ်ထဲတွင် ထည့်ကာ ပြုတ်ကျသည့်တိုင် အထဲမှ အရာများ ပြုတ်ကျခြင်းမှ ကာကွယ်ရန် ၎င်းကို ကြိုးဖြင့် ချည်ပါ။
စီးကရက်ဘူးအလွတ်ကို ထုတ်ယူသည့်အခါ ရုပ်ရှင်နှင့် ငွေစက္ကူကို ဖယ်ရှားပါ။

**သတင်းစာ၊ မဂ္ဂဇင်း၊ ကတ်ထူပြားစသည်တို့ကို ခွဲခြားပြီး ပြန်လည်အသုံးပြုရသောအမှိုက်အနေဖြင့်သတ်မှတ်ပေမယ့် အထွေထွေသုံး စာရွက်များကို အမှိုက်အဖြစ်သာသတ်မှတ်သည်။ပြန်လည်အသုံးပြုရသောအရာများကို ပြန်လည်အသုံးပြုခြင်းဖြင့် အမှိုက်များကိုလျော့ချ နိုင်ပါသည်။အထက်ဖော်ပြပါဥပမာကို ကိုးကားပြီး စက္ကူအမှိုက်ကို ခွဲထုတ်ကြပါစို့။**

#### ❗ သတိပြုရန်

လိပ်စာကတ်ထက်ကြီးသော တော်တော်များများ စက္ကူများသည် ပြန်လည်အသုံးပြုနိုင်ပေမယ့် ညာဘက်အောက်မှ စက္ကူများကိုမူ (မီးရှို့ရသော အမှိုက်)အနေဖြင့် ပစ်ပါ။

**မှင်ခံပါသော၊ မှင်ခံမပါသော စက္ကူ**
**အပူခံစက္ကူ၊ မှင်ခံပါသောဘောက်ချာစာအုပ်၊ ဘောချာစက္ကူစသည့်**

သတ္တုကုတ်တင်လုပ်ထားသောစက္ကူ

**ကပ်ခွါပါသောစက္ကူ**
(ဘဏ်ငွေထုတ်စာရွက်) စသည့်

**ကုတ်တင်လုပ်ထားသောစက္ကူ**

စတစ်ကာစက္ကူ၊ စက္ကူခွက်၊ စက္ကူပန်းကန်ပြား၊ ဓာတ်ပုံ၊ အယ်ဘမ်၊ အင်ဂျက်ပို့စကတ်၊ ကွန်ပျူတာသုံးဓာတ်ပုံစက္ကူ၊
အရက်စက္ကူဘူး၊ အတွင်းဘက်တွင်ငွေရောင်ပါသောစက္ကူ၊
မီးခံစက္ကူ၊ စသည်

**သတ္တုကုတ်တင်လုပ်ထားသောစက္ကူ**


ရွှေငွေ စသည်တို့ပါဝင်သောစက္ကူ

**အနံ့နှင့် အစွန်းပေနေသောစက္ကူ**

(ရေစိုထားသောစက္ကူ၊ အမွှေးတိုင်၊ ဆပ်ပြာ၊ ပီဇာစသည်တို့ထည့်သော စက္ကူဘူး) စသည့်







## မီးဖိုချောင်ထွက်အမှိုက်များကို ရေစစ်ပြီးမှပစ်ပါ။

**1.အရင်ဆုံး ရေမစိုစေရန်**


ဟင်းချက်သည့်အခါ ဟင်းသီးဟင်းရွက်အခွံများကို ရေမစိုခင် တိုက်ရိုက်ပလပ်စတစ်အိတ်ထဲသို့ထည့်ကြပါစို့။

**2.ရေသေချာစစ်ပါ**

ရေစိုသွားသည့်အခါ သေချာစွာညှစ်ပြီးရေစစ်ပါ။

**3. မစွန့်ပစ်ခင် အခြောက်ခံပါ**

လေသာသောနေရာတွင်ထားလျှင် ရေပမာဏလျော့ကျနိုင်သည်။




## သတိပြုပါ။

- **ပြဒါးပါဝင်သည့် ကုန်ပစ္စည်းများကို စွန့်ပစ်နည်း**

  အိမ်သုံး မီးချောင်း၊ ပြဒါးပါသောအပူချိန်တိုင်းကိရိယာနှင့် ပြဒါးပါသောသွေး ပေါင်ချိန်တိုင်းကိရိယာများကို မပျက်စီးစေရန် ဘူးအသေးထဲသို့ထည့်ပြီး ဘူး ပေါ်တွင် ပစ္စည်းအမည်ရေးပြီး (ပြန်လည်သုံးနိုင်သောပစ္စည်း)အနေဖြင့်ပစ်ပါ။ (မီးရှို့ရသောအမှိုက်)၊ (မီးရှို့မရသောအမှိုက်) အနေဖြင့်မပစ်ပါနဲ့။ အထဲတွင်ပါ သောပြဒါးများကို သေသေချာချာဆယ်ယူနိုင်ရန် ပူးပေါင်းဆောင်ရွက်ကြပါ။

- **စပရေးသံဘူးပစ်နည်း**

  စပရေးသံဘူးသည် အတွင်းတွင်ကျန်နေလျှင် သန့်စင်ရေးစင်တာတွင်ထည့်လျှင် မီးလောင်မှုအကြောင်းအရင်းဖြစ်နိုင်ပါသည်။ စပရေးသံဘူးအတွင်းကို ကုန် အောင်သုံးခြင်း၊ လေဝင်လေထွက်ကောင်းသောနေရာ၊ မီးလောင်မှုမဖြစ်စေရန် အခန်းပြင်ထွက်ပြီး ဂက်စ်ကုန်စေရန် အပေါက်ဖောက်ပြီး သတ်မှတ်ထားသော အမှိုက်အိတ်ထဲထည့်ပြီး (မီးရှို့မရသောအမှိုက်)အနေဖြင့် ပစ်ပါ။

- **ဓာတ်ခဲခြောက်စသော အားသွင်းပြီးပြန်လည်အသုံးပြုနိုင်သည်ဓာတ်ခဲစွန့်ပစ်နည်း**


  အားသွင်းပြီးပြန်လည်အသုံးပြုနိုင်သည်ဓာတ်ခဲသည် အမှိုက်ဌာနတွင်ပစ်မရပါ၊ သန့်ရှင်းရေးစင်တာသို့လည်း ယူလာလို့မရပါ။ သန့်စင်ရေးစင်တာတွင်ပစ်လျှင် မီးလောင်မှုအကြောင်းအရင်းဖြစ်နိုင်သည်။ လူထိခိုက်ဒဏ်ရာရမှုနှင့် စက်ရုံလည်ပတ်မှု ရပ်တန့်သွားစေ နိုင်သည်ဟု ယူဆရပါသည်။ ဝယ်ယူသောဆိုင်တွင် ဆွေးနွေးခြင်း သို့မဟုတ် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်၊ အိမ်ဆောက်ပစ္စည်းအရောင်း စင်တာတို့ရှိ စွန့်ပစ်နိုင်သောဘူးထဲသို့ပစ်ပါ။




## ပလပ်စတစ်ဘူးနှင့်ပတ်သတ်ပြီး ပလပ်စတစ်ဘူးကို ပလပ်စတစ်ပြန်လည်အသုံးပြုခြင်း

ပလပ်စတစ်ဘူးသည် အခုအထိပြန်လည်အသုံးပြုခြင်းအတွက် ပုံသွင်းခြင်း သို့မဟုတ် အခင်း၊ ရုပ်ရှင်ဖလင်၊ အမျှင်များကဲ့သို့ အခြား ပစ္စည်းများ ပြောင်းလဲထုတ်လုပ်နိုင်သော်လည်း ယင်းထုတ်ကုန်များကို ပြန်လည်အသုံးပြုရန်ခက်ခဲသောကြောင့် အများစုကို မီးရှို့ဖျက်ဆီးခြင်းသာလုပ်ဆောင်သည်။
တစ်ဖက်မှာလည်း ပလပ်စတစ်ဘူးကို တဖန်ပလပ်စတစ်ဘူးအနေဖြင့် ပြန်လည်အသုံးပြုသည့် (ပုလင်းမှပုလင်းသို့)ပြောင်းလဲခြင်းသည် ပလပ်စတစ်ဘူးကို ပြန်လည်အသုံးပြုခြင်းဖြင့် ဖြစ်နိုင်ချေများသည်။

seven eleven ဆိုင်များတွင် ပလပ်စတစ်ဘူးပစ်နိုင်သော အမှိုက်ပုံးသီးသန့်ထားရှိပြီး ခွဲခြားသိမ်းစည်းပါသည်။ ဆစ်ဗိုးမြို့သည်လည်း အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုခြင်းလုပ်ငန်းများတွင် ပူးပေါင်းကာဆောင်ရွက် လျှက်ရှိပါသည်။
(ပြန်လည်လက်ခံသည့်စက် မထားရှိသေးသောဆိုင်များ လည်း ရှိပါသည်)




ပြန်လည်အသုံးပြုခြင်းဌာနသို့ စွန့်ပစ်လျှင်လည်း လုပ်ထုံးလုပ်နည်းမှာ အတူတူပင်ဖြစ်သည်။
ခွါထားသောလေဘယ်နှင့် အဖုံးမှာ မီးရှို့ရသောအမှိုက်ဖြစ်သည်။
Nanaco ကဒ်တွင် point စုခြင်းလည်း လုပ်ဆောင်နိုင်ပါသည်။



# အိမ်တွင် မလိုအပ်သောပစ္စည်းများ ပြန်လည်အသုံးပြုခြင်းနှင့်ပတ်သက်၍

အမှိုက်အဖြစ် စွန့်ပစ်ပါက အခကြေးငွေပေးဆောင်ရမည်ဖြစ်ပြီး ပြန်လည်အသုံးပြုခြင်း သို့မဟုတ် ပြန်လည်အသုံးပြုပါက ပြန်လည်ဝယ်ယူသူများလည်းရှိပါသည်။
လွှင့်ပစ်ရင် အမှိုက်ဖြစ်ပေမဲ့ တစ်စုံတစ်ယောက်က အသုံးပြုတဲ့အခါ အရင်းအမြစ်တစ်ခုဖြစ်ပါသည်။ ဒါက ပတ်ဝန်းကျင်နဲ့ သင့်ပိုက်ဆံအိတ်ကို ကြင်နာတဲ့ အစပျိုးမှုတစ်ခုဖြစ်ပါသည်။

သုံးလို့ရသေးပေမယ့် မလိုသောပစ္စည်းကို

## သူတပါးအားပေးပါ။
## အမျိုးမျိုးသောနည်းလမ်းများရှိပါသည်။




စင်၊ ပန်းကန်ခွက်ရောက်၊ စားပွဲ၊ ထိုင်ခုံ၊ စာအုပ်စင်၊ လျှပ်စစ်ပစ္စည်း၊ အနောက်တိုင်းဝတ်စုံ၊ ဖိနပ်၊ ကလေးအဝတ်၊ ကြွေထည်၊ မွေးပွအရုပ်၊ စာရေးကိရိယာ၊ အဖိုးတန်သတ္တုပစ္စည်းများ၊ နာမည်ကြီးအမှတ်တံဆိပ်ပစ္စည်းများ

Free market ၊ application စသည်တို့တွင် ကုန်ပစ္စည်းကိုပြန်လည်ရောင်းချခြင်း နည်းလမ်း၁ခုဖြစ်သလို အောက်ဖော်ပြပါ recycle store တွင် ပြန်လည်ရောင်းချခြင်းလည်း ညွှန်းပါသည်။

## ● အင်တာနက်တွင်လျှောက်လွှာတင်ခြင်း

### ဘယ်လောက်လဲ။



မလိုအပ်သောပစ္စည်းများကို မလွှင့်ပစ်ဘဲ ဈေးသက်သက်သာသာဖြင့် မြန်မြန်ရောင်းချနိုင်သည်။

**ဒီနေရာကိုသုံးပါ**
**ဘယ်လောက်လျှင် ၃ပွိုင့်ရမည်**

- ✓ ကြီးမားပြီး လေးသောပစ္စည်းများကိုလည်း ဝယ်ယူနိုင်သည်
- ✓ ဝယ်ယူမှုဈေးနှုန်းများကိုလည်း နှိုင်းယှဉ်ရွေးချယ်နိုင်သည်။
- ✓ အချိန်တိုအတွင်း လက်ဝယ်ရရှိနိုင်သည်။

**အများအပြားရောင်းဝယ်မှု**
**အကဲဖြတ်မှုကိုတောင်းဆိုပြီး အလွယ်တကူရောင်းချနိုင်သည်။**

- Step 1 မလိုအပ်သောပစ္စည်း၏ ပစ္စည်းအချက်အလက်များကို ထည့်သွင်းရေးသားပြီး အကဲဖြတ်တောင်းဆိုနိုင်သည်။
- Step 2 Review များကိုနှိုင်းယှဉ်ပြီး ဝယ်ယူလိုသည့်ဆိုင်ကို ရွေးချယ်ပါ။
- Step 3 အခက်အခဲမရှိ ပိုက်ဆံလည်းပြန်ရပြီး မလိုအပ်သောပစ္စည်းများ စွန့်ပစ်ခြင်းလည်းပြီးဆုံးမည်။

စမတ်ဖုန်းဖြင့် လုပ်နိုင်သည်

ဆစဲဗိုးမြို့သည် ပြန်လည်အသုံးပြုမှုမြှင့်တင်ရေးကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်နေပါသည်။

TSE Prime တွင်စာရင်းသွင်းသောကုမ္ပဏီက လည်ပတ်နေပါသည်။

MARKET ENTERPRISE
Market Enterprise
ကုမ္ပဏီ လုံခြုံရေးကုဒ် ၃၁၅၅

## ● မြို့တွင်းရှိပြန်လည်အသုံးပြုနိုင်သောပစ္စည်းများအရောင်းဆိုင်

**ထားရှိသောကုန်ပစ္စည်းနှင့် လက်ခံမှုနည်းလမ်းများသည် ဆိုင်အလိုက်ကွဲပြားပါသည်။ ပစ္စည်းများ၏အခြေအနေနှင့် ထုတ်သည့်နှစ်ပေါ်မူတည်ပြီး လက်မခံသောပစ္စည်းများလည်းရှိသောကြောင့် အရင်ဆုံး ဖုန်းဖြင့်ဆက်သွယ်စုံစမ်းပါ။**

◦ တဖန် သုံးလို့ရသေးသော်လည်း မလိုအပ်သော အိမ်သုံးပစ္စည်း၊ အိမ်သုံးလျှပ်စစ်၊အထွေထွေကုန်စည်၊ အဝတ်အထည်၊ ကိရိယာ၊ စာအုပ် စသည်တို့ကို ဖယ်ရှားချင်သည်၊ သုံးပြီးသားအဟောင်းပစ္စည်းအဖြစ် ဝယ်စေချင်သည်။

リサイクルショップ E-STYLE
ဆစဲဗိုးမြို့ ဟအိခိုရပ်ကွက် ၁၃-၁၁
ဖုန်း ၀၉၅၆-၂၀-၅၈၅၈

リサイクルショップ エコログ
ဆစဲဗိုးမြို့ နခဇေတိုမြို့နယ် ၁၈၇၅-၁
ဖုန်း ၀၉၅၆-၄၂-၆၂၂၂

BOOK・OFF SUPER BAZAAR
ဆစဲဗိုးမြို့ ဖုကျိုဝါရ မြို့နယ် ၂၀-၇
ဖုန်း ၀၉၅၆-၄၆-၇၇၀၁

買取総合リサイクルショップ エコzone
ဆစဲဗိုးမြို့ ရှိမိုခယောမာချိ ၉-၁
ဖုန်း ၀၁၂၀-၁၅၂-၁၅၃

総合リサイクルショップ ゲット
ဆစဲဗိုးမြို့ ခိဟရ မြို့နယ် ၁၀၄-၄
ဖုန်း ၀၉၅၆-၃၀-၇၃၅၉

◦ မလိုအပ်တော့သောပရိဘောဂစသည်တို့ကို လိုအပ်တဲ့သူရှိရင် ပေးချင်ပါတယ်...

◦ စာရေးကိရိယာ၊ မွေးပွအရုပ်၊ အဝတ်အထည်၊ ဖိနပ် စသည်တို့ကို ပြည်ပနိုင်ငံများသို့ အထောက်အပံ့အနေဖြင့်ပေးချင်သည်။

အိချိရောရှိစန်ဂယောဒ ခါအဲရုပရောဂျက်
ဆစဲဗိုးမြို့ အဲဂါမိ မြို့နယ် ၄၆၉၉
ဖုန်း ၀၉၅၆-၅၈-၄၄၃၅

## ဆစဲဗိုးမြို့မြို့နယ်ရုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန သတင်းအချက်အလက်ဖြန့်ဝေခြင်း

X (Twitter) account (ダストンくん)



YouTube (させぼエコチャンネル)

## သန့်ရှင်းမှုမြှင့်တင်ရေးကော်မတီဝင်များနှင့် ပူးပေါင်းဆောင်ရွက်ပါရန်တိုက်တွန်းပါသည်။

မြို့နယ်ရုံးနှင့်မြို့နေလူထု၏ဆက်သွယ်ရေလမ်းကြောင်းအဖြစ် သန့်ရှင်းမှုမြှင့်တင်ရေးကော်မတီဝင်များ၏အလုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ◦ အမှိုက်လျှော့ချရေးနှင့် သယံဇာတပြန်လည်ရရှိရေးဆိုင်ရာ အသိပညာနှင့် လမ်းညွှန်ချက်
- ◦ အမှိုက်ကိုစနစ်တကျပစ်သော အသိပညာနှင့် လမ်းညွှန်ချက်
- ◦ တရားမဝင်အမှိုက်ပစ်ခြင်းကို တားဆီးရန် လမ်းညွှန်ချက်
- ◦ အမှိုက်စိုများ အိမ်တွင်ခွဲခြားစွန့်ပစ်ခြင်းလမ်းညွှန်ချက် စသည့်

**အမှိုက်အမျိုးအစားခွဲခြားခြင်းကို အိမ်တိုင်းလုပ်ဆောင်ကြစို့။**



# ဆစ်ဘိုးမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန စားနပ်ရိက္ခာအလေအလွင့်လျှော့ချရန် ကြိုးပမ်းမှု

## စားနပ်ရိက္ခာအလေအလွင့်ကို လျှော့ချရန် ပူးပေါင်းပါဝင်ဖို့ဆိုင်များကိုတိုက်တွန်းပါသည်။

**အောက်ဖော်ပြပါ၅ချက်အနက် ၁ချက်ဖြစ်ဖြစ်ပူးပေါင်းပါဝင်ပေးသော ဆိုင်များကိုရှာဖွေနေပါသည်။**
**ပူးပေါင်းပါဝင်သောဆိုင်များကို မြို့၏အင်တာနက်စာမျက်နှာတွင် မိတ်ဆက်ပေးပါမည်။**

1. စားသုံးသူမှ အစားအသောက်ပမာဏကို ရွေးချယ်ခွင့်ရရန် အော်ဒါကောက်ချိန်တွင်မေးပြီး ပွဲသေးအနေဖြင့် menuတွင်ရေးသားဖော်ပြထားခြင်း။
2. ကျန်နေသောအစားအသောက်များကို ပြန်သယ်သွားနိုင်သော ဝန်ဆောင်မှုပေးခြင်း
3. (၃၀၁၀လှုပ်ရှားမှု) ပိုရှမိုးရှင်း (အသံလွှင့်ခြင်း၊ ကြော်ငြာကပ်ခြင်းစသည့်)
4. သက်တမ်းကုန်ဆုံးရက်နီးခါနီးတွင် ထုတ်ကုန်များကို လျှော့ဈေးဖြင့် အရောင်းမြှင့်တင်ခြင်း
5. စားနပ်ရိက္ခာအလေအလွင့်ကို လျှော့ချခြင်းကို လိုလားသော အစားအသောက်ဘဏ် အစရှိသောအဖွဲ့များကို ထောက်ပံ့ခြင်း

**စားနပ်ရိက္ခာအလေအလွင့်ကို လျှော့ချရေးတွင်ပူးပေါင်းပါဝင်သောဆိုင်** (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့အထိ)

Aizentei၊ IT Business department၊ Ushiemon (Oto ဆိုင်)၊ Ushiemon (Yokkamachi ဆိုင်)၊ Grand First Inn Sasebo၊ Koran၊ Komatsu ဆိုင်၊ Saikaibashi Enchi၊ Sasebo Yakult Co.Ltd.၊ Chef's Magokoro House San Marino၊ Shibata စားသောက်ခန်း၊ Jogenro၊ Jono ဆိုင်၊ Shoya၊ 7-Eleven Sasebo Central ဆေးရုံရှေ့ဆိုင်၊ Sennari စားသောက်ခန်း၊ Sōsaku ryōri ohako ၊ Daizen၊ Tenten ခေါက်ဆွဲဆိုင်၊ Pasta Cafe Eat၊ Passion၊ Parfum Bakery၊ First Inn Hayaki၊ Fukumusubi၊ Bakery -Tashiro၊ Poivre၊ Maruhachi စားသောက်ခန်း၊ Muta ဆိုင်၊ Meshidokoro Yoshiki၊ Menno Sasebo ဆိုင်၊ Mendokoro Akira Gobangai ဆိုင်၊ Mendokoro Akira Hayaki ဆိုင်၊ Momiji no Kaori၊ Lucky's Kanago-mae ဆိုင်၊ Leo Plaza ဟိုတယ်၊ Soraစားသောက်ဆိုင်၊ Sorrentoစားသောက်ဆိုင်၊ Honjinစားသောက်ဆိုင်

## စဆဲဗိုး ဖူးဒိုလအိဘု

အိမ်နှင့်လုပ်ငန်းများမှ ပိုသောစားသောက်ကုန်များကို ကလေးများမီးဖိုချောင်စသည်တို့ကို ပေးသည့် (ဖူးဒိုလအိဘု) ကိုလုပ်ဆောင်နေပါသည်။ သက်မှတ်ချက်ပြည့်မှီသောအစားအစာများမှာ (၁) မဖွင့်ရသေးသော၊ (၂) သက်တမ်းကုန်ဆုံးရန်ရက် ၁လအထက်ရှိသော၊ (၃) သာမန်အပူချိန်တွင် ထားရှိနိုင်သောအရာများဖြစ်သည်။

**ဥပမာ**
- အစေ့အဆန်များ (ဂျုံ၊ ပဲ၊ ခေါက်ဆွဲစသည့်)
- ဟင်းခတ်များ၊ ဟင်းချက်ဆီ
- နို့မှုန့်
- ကြာရှည်ခံအစားအစာ (အခြောက်လှန်းထားသောအစားအစာများ၊ အသင့်စားဟင်း၊ စည်သွပ်ဘူးများ၊ ပုလင်းထဲတွင်ထည့်ထားသောအစားအစာများ)
- သောက်စရာများ (လက်ဖက်ရည်၊ အချိုရည်စသည့်) ※အရက်ပါဝင်သောအရည်များမရပါ။

စဆဲဗိုးမြို့ စားနပ်ရိက္ခာအလေအလွင့်ကို လျှော့ချရေး matching service

စာရင်းသွင်းခြင်း၊ အသုံးပြုခ **အခမဲ့**

### အလေအလွင့်မရှိ ချွေတာခြင်း サセボタベスケ

စဆဲဗိုးမြို့အတွင်းရှိ စားသောက်ကုန်အရောင်းဆိုင်နှင့် စားသောက်ဆိုင်စသည်တို့မှ ရရှိသော ပိုလျှံနေသော စားသောက်ကုန်များကို နည်းနည်းဖြစ်ဖြစ်လျှော့ချနိုင်ရန်အတွက် သက်တမ်းကုန်ရက်နီးသောအစားအသောက်များကို ဈေးသက်သက်သာသာဖြင့် ဝယ်ယူရနိုင်သော ဝန်ဆောင်မှု (စဆဲဗိုးတဘဲစုခဲ) ကို အသုံးပြုပါ။

### サセボタベスケ ၏ အသုံးပြုနည်း

**STEP 1** တဘဲစုခဲ၏ အဓိကစာမျက်နှာမှ လွယ်ကူစွာစာရင်းပါ



**STEP 2** ဈေးနှုန်းသက်သာသော စားသောက်ကုန်တွေ့လျှင် ဝယ်ယူရန်မှာယူပါ



**STEP 3** စားနပ်ရိက္ခာအလေအလွင့်ကို လျှော့ချနိုင်ပြီး ဈေးသက်သက်သာသာဖြင့်လည်း ဝယ်နိုင်သည်။



စားနပ်ရိက္ခာအလေအလွင့်ကို လျှော့ချရေး matching service (タベスケ) သီးသန့်စာမျက်နှာ ဒီဝန်ဆောင်မှု၏အသေးစိတ်နှင့် အသုံးပြုနည်းကို (タベスケ) PRအင်တာနက်စာမျက်နှာတွင် ကြည့်ရှုပါ။

စာရင်းသွင်းရန် ဒီနေရာ

အများသူဌာ ▶

**စာရင်းသွင်းထားသောဆိုင်** (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့အထိ)


လက်ဆောင်ပစ္စည်းဆိုင် Egami၊ Gift Shop Marukyu၊ အမှတ်တရပစ္စည်းအရောင်းဆိုင် Shimokawa၊ Komatsu ဆိုင်၊ Kominka Cafe Komorebi၊ Sasaizumi ဆိုင်၊ Sasebo Shikisaikan၊ Shady Salad Hall Hino ဆိုင်၊ Shukuru၊ Super Thanks Tawaramachi ဆိုင်၊ Sokaya၊ Tateishi ဆိုင်၊ Tanaka Butcher၊ Tomioka Suisan၊ Nakao Budou၊ Nakano ဆိုင်၊ Nisse Bakery၊ Shiroi Coffee၊ Mayumi Butcher၊ Roadside Station Sase Box 99၊ Yoko Shoji၊ Yoshida Rice၊ Wai Sosaku Hotachi၊ ဗီတာမင် ဘယ်ရီ

လက်ခံသည့်နေရာ၊ ဆက်သွယ်ရန် **စဆဲဗိုးမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန အမှိုက်လျှော့ချရေးဌာနခွဲ အိနာရိရပ်ကွက် ၁-၈ ဖုန်း ၀၉၅၆-၃၂-၂၄၂၈** မနက် ၈:၃၀- ညနေ၅:၁၅ (စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များ မပါဝင်ပါ။)



Yamaguchi ဆိုင် သို့ အိမ်သုံးလျှပ်စစ်ပစ္စည်း 5 ခု ပို့ဆောင်လိုပါက မြို့နယ်အလိုက်တွင်ရှိသော ထွေထွေအမှိုက် စုဆောင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေး ခွင့်ပြုမိန့်ရှိသည့် ကုမ္ပဏီကို ဆက်သွယ်ပါ။

定期回収、古紙、引越等の臨時ごみ、お仏壇、遺品整理、廃プラ、各種リサイクル
お気軽にお電話ください。☎0956-26-1733
ごみの処分はお任せください。株式会社サンビッグ




九州初の総合的な
産業・一般廃棄物処理施設!
※事業所様対象です。
環境リサイクルエネルギー株式会社
TEL:0956-20-4222

# အမှိုက်အား အိမ်အပြင်တွင်မီးရှို့ခြင်းကို ဥပဒေအရ တားမြစ်ထားပါသည်။

**မလိုက်နာလျှင်**

**ထောင်ဒဏ် ၅ နှစ်အထိ**


သို့မဟုတ်

**ဒဏ်ငွေ ယန်း ၁၀ သန်းအထိ**

သို့မဟုတ်

**နှစ်ခုစလုံးကို ချမှတ်မည်။**

အမှိုက်စီမံခန့်ခွဲမှုဥပဒေ အပိုဒ် ၁၆-၂ ပုဒ်မ၂၅
မည်သူမှ အမှိုက်ကို မီးရှို့ခြင်းမပြုရ။




**စိုက်ခင်းမီးရှို့ခြင်းမှ မီးခိုးများကြောင့် အနီးအနားရှိသူများ အနှောက်အယှက်ဖြစ်စေတာသေချာသလို၊ မီးရှို့သောအရာပေါ်မူတည်ပြီး ဒိုင်အောက်ဆင်းထွက်သော အကြောင်းအရင်းလည်းဖြစ်ပါသည်။**

**သို့သော်၊ အောက်တွင်ဖော်ပြထားသောခြွင်းချက်များရှိသည်။** [ပတ်ဝန်းကျင်တွင် ပြဿနာရှိလျှင် ပစ္စည်းများ မီးရှို့၍မရပါ။ ]

| | |
|---|---|
| ဓလေ့ထုံးတမ်း သို့မဟုတ် ဘာသာရေးပွဲများအတွက် လိုအပ်သော အမှိုက်များကို မီးရှို့ခြင်း။ | ▶ ဒေသအလိုက် နှစ်သစ်ကူးတွင် kadomatsu နှင့် shimenawa ကိုမီးရှို့ခြင်း။ |
| စိုက်ပျိုးရေး၊ သစ်တော သို့မဟုတ် ငါးဖမ်းခြင်းအတွက် ရှောင်လွှဲ၍မရသော အမှိုက်များကို မီးရှို့ခြင်း။ | ▶ ခုတ်ထွင်မီးရှို့ခြင်း စသည်တို့။ |
| မီးပုံးကဲ့သို့နေ့စဉ်ဘဝတွင် ပုံမှန်လုပ်ဆောင်သော အမှိုက်အသေးများကို မီးရှို့ခြင်း။ | ▶ မီးပုံ၊ မီးပုံပွဲ |

※ထူးခြားသောအခြေအနေများတွင်ပင်၊ သင့်အိမ်နီးနားချင်းများအတွက် အနှောင့်အယှက်ဖြစ်မှု အနည်းဆုံးဖြစ်အောင် လိုအပ်သလို သိမ်းဆည်းပြီး လေအား၊ လေတိုက်နှုန်း၊ နေ့အချိန်၊ စသည်တို့ကို ထည့်သွင်းစဉ်းစားပါ။

2001 ခုနှစ် ဧပြီလတွင် အမှိုက်စွန့်ပစ်ခြင်းနှင့် သန့်ရှင်းရေးဥပဒေ၏ အပိုင်းတစ်ပိုင်းကို ပြန်လည်ပြင်ဆင်ခဲ့ပြီး အချို့ခြွင်းချက်အနေဖြင့် ပြင်ပအမှိုက်များကို မီးရှို့ခြင်းကို တားမြစ်ထားသည်။

# တရားမဝင် အမှိုက်ပစ်ခြင်းသည် ရာဇဝတ်မှုတစ်ခုဖြစ်သည်။ တင်းတင်းကျပ်ကျပ် ဥပဒေအရ အရေးယူတာတွေရှိသည်။

**တရားမဝင်မြှုပ်နှံခြင်း ဟူသည်**

**ထောင်ဒဏ် ၅ နှစ်အထိ**

သို့မဟုတ်

**ဒဏ်ငွေ ယန်း ၁၀ သန်းအထိ**

သို့မဟုတ်

**နှစ်ခုစလုံးကို ချမှတ်မည်။**

အမှိုက်စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၆ ပုဒ်မ ၂၅ ဘယ်သူကမှ အမှိုက်ကို သိမ်းကျုံး စွန့်ပစ်လို့ မရပါ။

## အမှုအကျင့်တွေကို လေးစားပြီး လှပတဲ့ Sasebo ကို ကာကွယ်ကြပါစို့။

သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ အမှိုက်များကို စနစ်တကျ စွန့်ပစ်ရမည်။ ဗူးအလွတ်များ၊
စီးကရက်တူးများ စသည်တို့ကို ဖယ်ရှားကာ ရွှေ့ပြောင်းအမှိုက်များနှင့် အိမ်သုံးပစ္စည်းများကို တရားဝင် စွန့်ပစ်ခြင်းဖြင့် Sasebo ၏ လှပသောပတ်ဝန်းကျင်ကို ကာကွယ်ကြပါစို့။



စည်းကမ်းလိုက်နာဖို့ ခက်တယ်။ ပိုက်ဆံကုန်တယ်။ → **တရားမဝင် စွန့်ပစ်မှု** → သဘာဝပတ်ဝန်းကျင်ပျက်စီးမှု ဒေသရှုခင်းကို ထိခိုက်စေတယ်။ အနံ့ဆိုး/မြေအောက်ရေညစ်ညမ်းခြင်း။ → **ညစ်ညမ်းမှုပြဿနာ** → အနာဂါတ်တွင် ကျန်းမာရေး နှင့် လူနေမှုပုံစံအပေါ် အပျက်သဘောဆောင်သည်။

**တရားမဝင် အမှိုက်မြေမြှုပ်နှံမှုကို တွေ့ရှိပါက**

● စဆဲဗိုးမြို့ သည် ကင်းထောက်ကင်မရာများ တပ်ဆင်ခြင်းနှင့် ညဘက်ကင်းလှည့်ခြင်းတို့ဖြင့် တရားမဝင် စွန့်ပစ်ခြင်းကို တားဆီးရန် လုပ်ဆောင်နေပါသည်။

အမှိုက်လမ်းညွှန်ဌာနခွဲ
မသင့်လျော်သော အမှုတွဲ တန်ပြန်အစီအမံများ
ဆောင်ရွက်နေသည့် ရုံး

**ဖုန်း ၀၉၅၆-၂၀-၀၆၆၀ သို့ ဆက်သွယ်ပေးပါ။**

ညှိုခံချိန်- တနင်္လာမှသောကြာ (အားလပ်ရက်များမပါဝင်) 8:30 မှ 17:15 ထိ

**ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းရုံးတစ်ခု၏ ကိုယ်စားလှယ် သို့မဟုတ် ဝန်ထမ်း (ကော်ပိုရေးရှင်း စသည်ဖြင့်) ပြင်ပတွင် မီးရှို့ဖျက်ဆီးခြင်း သို့မဟုတ် တရားမဝင် စွန့်ပစ်ခြင်းကဲ့သို့ ကျူးလွန်ပါက ပြစ်မှုကျူးလွန်သူ (တစ်ဦးချင်း) အတွက်သာ ပြစ်ဒဏ်များ ချမှတ်မည်ဖြစ်သည်။**
**လုပ်ငန်းတည်ထောင်သူများကိုယ်တိုင် (ကော်ပိုရေးရှင်းများစသည်ဖြင့်) ကိုလည်း ဤဥပဒေနှင့်အညီ ချမှတ်နိုင်ပြီး ဒဏ်ငွေ ယန်းသန်း ၃၀၀ အထိ ချမှတ်နိုင်သည်။**

# စီးကရက် သို့မဟုတ် အမှိုက်ကို ဘယ်တော့မှ မပစ်ပါနှင့်။ !

# ဌာနမှ ပြန်လည်အသုံးပြုရသောပစ္စည်းများ လာယူခြင်းကိုရပ်ကြပါစို့။